http://www.dhammadownload.com

စွန့်လွှတ်မှုဒါနနှင့် စောင့်စည်းမှုသီလတို့ကိုအရင်းတည်၍
(က) ပါရမီအဆင့်ဆင့်တို့ဖြင့် မိမိစိတ်မိမိရင့်ကျက်အောင် မပြုပြင်ရသေးသော်
(ခ)ဉာဏ်စဉ်အဆင့်ဆင့်တို့ဖြင့် မိမိစိတ်မိမိပြုစင်အောင် မဆောင်နိုင်သေးသော်
သင့်ကိုယ်သင်
ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ပါဟူ၍ ဝန်မခံသင့်သေးပြီ။

နမောတေ ဗုဒ္ဓဝီရတ္ထု။

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်
# ဗုဒ္ဓဘာသာ့ကထာ



နတ်တလူသာသနာပြုအသင်းမှ စီစဉ်ထုတ်ဝေသည်

GRAPHIC DESIGN -NYEIN CHAN THA(2010)

http://www.dhammadownload.com

ဖြန့်ချိရေး

၇၄၊ သာယာအေးလမ်း၊
၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၆၀၆၇၀၊ ၀၉၅၀၅၆၃၆၉။

နတ်တာလူစာစဉ်

http://www.dhammadownload.com

၂၉၄.၃
မဟာဗောဓိမြိုင်ဆရာတော်
ဗုဒ္ဓဘာသာ့ကထာ/မဟာဗောဓိမြိုင်ဆရာတော်၊ -ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ၂၀၀၉၊
စာ - ၅၄၊ ၁၀ × ၁၆ စင်တီ၊
(၁)ဗုဒ္ဓဘာသာ့ကထာ

ပထမအကြိမ်
၁၃၇၁ခုနှစ်၊တပေါင်းလ
၂၀၁၀ - မတ်လ

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၂၀၆၂၉၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၀၅၄၀၁၀၀၉ |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - | ငြိမ်းချမ်းသာ |
| စာစီ | - | ဇော်ဝင်းမောင် |

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ
၁၁၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဇော်မြင့်ဝင်း၊ ကာလာဖုံအော့ဖ်ဆက်
အမှတ် - ၁၈၄(ဘီ)၊ ၃၁ - လမ်း၊ ရန်ကုန်မြို့

တန်ဖိုး - ၅၀၀ကျပ်

ပွပ်းပံဖန်တီးမှု - ငြိမ်းချမ်းသာ၊ ဝင်းဇော်ဦး

http://www.dhammadownload.com

နမော တဿ ဗုဒ္ဓ ဝီရဿ။

နတ်တလှူစာစဉ်-၂၃

ကျေးဇူးရှင်

# မဟာဗောဓိမြိုင်ဆရာတော်

ရေးသားစီရင်တော်မူသည့်

# ဗုဒ္ဓဘာသာ့ကထာ

နတ်တလှူသာသနာပြုအသင်းမှ
စီစဉ်ထုတ်ဝေသည်

http://www.dhammadownload.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

ဥပဒေဘောင်တွင်းနေထိုင်ခြင်း
ဘေးရန်ကင်းကွာပြည်သာယာ။

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

http://www.dhammadownload.com

# ဗုဒ္ဓဘာသာ့ကထာ

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။ ။

၁။ အတုံ့အလှည့်ကို ဖြစ်စေတတ်သဖြင့် မကောင်းမှုမှန်သမျှ လုံးဝမပြုကျင့်သင့်။

၂။ အတုံ့အလှည့်မှ ကင်းဝေးစေသဖြင့် ကောင်းမှုကိုကား မနေမနား ကြိုးစားသင့်၏။

၃။ အမှားအမှန်အတိုင်း ထိုးထွင်းသိသာလာစေရန် မိမိစိတ် အဖြူစင်ဆုံးဖြစ်အောင် ပြုပြင်သင့်၏။

ဤစကားတော် သုံးခွန်းကား ဘုရားရှင်တိုင်း ဟောကြားသော အဆုံးအမများတည်း။

ဗုဒ္ဓဟူသည် အမှန်တရားသစ္စာကို ထိုးထွင်းသိသော အမြတ်ဆုံး လူသားတည်း။

ဘာသာဟူသည် ထိုသိသူက အရှိအတိုင်း ဟောကြားသော စကားတည်း။

နတ်တလူစာစဉ်

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်ဟူသည် ထိုသူ၏စကားကို စိတ်ဖြင့်လည်း လိုက်စား၊ နှုတ်ဖွင့်လျက်ကလည်းလိုက်စား၊ ကိုယ်ထိ လက်ခြောက်လည်း လိုက်စားနေခြင်းတည်း။

(၁) မကောင်းမှုတို့၏ မြစ်ဖျားခံရာသည် ဝဋ်

ဝဋ်ဟူသည် လည်ပတ်နေရခြင်းကို ဆိုလို၏။ ထိုလည်ပတ်ရခြင်းကား...

(က)မိမိတစ်ဦးတည်းလည်ပတ်နေခြင်း၊

(ခ) သူတစ်ပါးများနှင့် တွဲဖက်လျက်က လည်ပတ်နေခြင်း နှစ်မျိုး။ ထိုတွင်...

(က)မျက်မှောက်၌ သက်မဲ့အရာဝတ္ထုတို့အပေါ် ခင်မင်မှု အားကြီးစွာဖြင့်...

(၁) ၎င်းကို ရယူခံစားလိုစိတ်ဖြစ်ပေါ်လာသည်။

(၂) ၎င်းအား ရယူခံစားနိုင်ရန် လက်မိလက်ရကြိုးစားသည်။

(၃) ကြိုးစားသည့်အလျောက် မိမိစိတ်တိုင်းကျ ခံစားခွင့်ရလာသည်။

ဤကား လက်ဦးပြည်တည် အကျင့်တည်း။

ထို့နောက် ခံစားရစဉ်တုန်းက အသုံး၏နောက်အစွဲ ပေါ်မလာစေရန် သတိဖြင့် ဖြတ်တောက်ချထားခဲ့ခြင်း ကင်းရကား တစ်ဖန်အတွေ့ပေါ်လာပြန်၏။

ထိုအခါ တစ်ဖန် ရယူခံစားလိုစိတ်ပေါ်လာ၏။ အစသို့

http://www.dhammadownload.com



လှည့်လည် လာရပြီ။

ထိုစိတ်မထိန်းနိုင်တော့၍ တစ်ဖန်ခံစားရန်ကြိုးစား၏။ အလယ်သို့ရောက်လာပြီ။

ရသည်နှင့်အားပါးတရ အကျိုးခံစား၏။ အဆုံးထိရောက်သွားပြီ။

ဤသို့ဖြင့် တစ်ကြိမ်မှတစ်ကြိမ် အကြိမ်ကြိမ် တစ်ခုမှ တစ်ခုသက် အဆက်ဆက် ဒေါက်သုံးခုပါသော ခွေဝိုင်းတစ်ခုကို အလယ်မှဝင်ရိုးတပ်ကာ လှည့်နေပုံပမာ မိမိတစ်ဦးတည်း လည်ပတ်နေရခြင်းကိုပင် ဝဋ်ဆိုရ၏။

ထိုလည်ပတ်မှုမျိုးတို့သည် လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ်၊ ကွမ်းယာတို့မှအစ အရက်၊ ဘိန်းစသည်များအထိ စုံတကာစေ့လှတော့၏။

မျက်ကွယ်ဖြစ်သော သံသရာ၌ကား အစွဲကြီးရာဘဝလာ လောင်စာပြောကျနည်းအတိုင်း ထိုစွဲရာဝတ္ထုနှင့်ပတ်သက်ရာတို့ ဝယ် ဘဝရပေလိမ့်ဦးမည်။

ကွမ်းစွဲသမား၌ ဆင်မျိုးမဖြစ်နိုင်၊ ကွမ်းပိုးသာဖြစ်နိုင်ပေလိမ့်မည်။ ယနေ့ အိမ်ပတ်ဝန်းကျင်၊ ရွာပတ်ဝန်းကျင်တို့၌ လှည့်လည်ကျက်စားနေကြရရှာသည်။

မြင်အပ်ရရာ တိရစ္ဆာန်အမျိုးမျိုး၊ အစွဲမှဖြစ်ရသော ဘဝများတည်း။

မမြင်အပ်ရာပြိတ္တာအမျိုးမျိုး၊ အစွဲမှဖြစ်သောဘဝများတည်း။

http://www.dhammadownload.com



(ခ) သူတစ်ပါးများနှင့် တွဲဖက်လည်ရရာ၌လည်း...

မျက်မှောက်၌ကား သူတစ်ပါးက မိမိအား ထင်သလိုကြံ အစွဲကြွေးကိုထေနေသူ၊ ဤသို့လျှင် မိမိ၏အစွဲအတိုင်း နှစ်မျိုးပင် လည်ပတ်ရပေလိမ့်မည်။

ထိုတွင် မျက်မှောက်၌ မိမိသည် သူတစ်ပါးတို့ကြက် သတ်စားနေသည်ကိုကြည့်လျက်က မိမိလည်းကြက်သားစား လိုစိတ်ဖြစ်ပေါ်လာ၏။ တစ်ဖန် ထိုအတွေးမှ အရေးပေါ်ကာ ကိုယ်ထိလက်မြောက် ကြိုးစား၏။ ကြိုးစားသည့်အတိုင်းရလာ သော် ချက်ပြုတ်စားသုံးကြည့်၏။ စားသုံးလျက်က အ ကြိုက်တွေ့ သွားတော့ရာ...

တစ်ဖတ်ပြီးတစ်ဖတ်၊ ကောင်းသည်၊ စားလိုက်ဦးမည်၊ စားလိုက်ပြီ။ တစ်နပ်ပြီးတစ်နပ် ကြိုက်သည်၊ စားလိုက်ဦး မည်၊ စားလိုက်ပြီ၊

ထိုသုံးချက် အသက်နှင့်အမျှ အနားမရကြတော့ပြီ။ မိမိ သည်လည်း ထိုသုံးချက်တို့အကြားကပ်လျက် ပါနေရျောရာ စိတ်ထလာရန် ကြံစည်တွေးတောပေးနေရခြင်း၊ ကိုယ်ပါ ပါရန် လှုံ့ဆော်ပေးနေရခြင်းဖြင့် အနားသတ်၍မရတော့ပြီ။

ထိုမိမိပယောဂဖြင့် သေကြေပျက်စီးရသော ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့် အကြီးစားတိရစ္ဆာန်များမှသည် ဝက်၊ ကြက်၊ မျှင် စသည့်အသေးစားတိရစ္ဆာန်တို့သည်...

(က)မိမိအပေါ် မညာတာရကောင်းလား အာဃာတထား

http://www.dhammadownload.com



သေသူများလည်း ရှိမည်။

(၈) ငှင်းတို့ဖာသာ ကြောက်ကြောက်လန့်လန့်ဖြင့် သေသွားသူများလည်း ရှိမည်။

ထိုတိရစ္ဆာန်တို့ မည်သို့သေသေ မိမိစေတနာကား မိမိစေတနာအတိုင်းသာဖြစ်ရကား မိမိ၏အစွဲ၊ မိမိ၏စေတနာအရ တိရစ္ဆာန်ဘဝ လှလှကြီးရောက်ရပေဦးတော့မည်။

မိမိစေတနာကိုကျော်လွန်၍ မည်သည့်ဘုရားကမှ ဝင်ရောက်မကယ်တင်နိုင်။

မိမိအစွဲကိုကျော်လွန်၍လည်း မည်သည့်ဘုရားကမှ အမိန့်မထုတ်ပြန်နိုင်။

ဝိပါက်အမှန် ဇောအပြန် ကံပြုတိုင်း၏ လမ်းနှစ်ခွ။

ထိုစေတနာ ထိုအစွဲများ၌ ဇောစိတ်ဟူသည် ပါရှိပြုပင် ဖြစ်၏။ ကြိုက်သော် ကြိုက်ဇော၊ ချစ်သော် ချစ်ဇော၊ မုန်းသော် မုန်းဇောစသည်များဖြစ်ပေါ်ခဲ့ပြီးမှ စေတနာထက်ခြင်း၊ နုံ့ခြင်းဖြစ်ပေါ်ရပြီး ထိုစေတနာအထက် အနုံ့အတိုင်းလျှင် အစွဲကြီးခြင်း သေးခြင်းများလည်း ထပ်ရောက်လာကြရ၏။

ထိုဇောစိတ်သည် ဖောက်ပြန်တတ်၏။ ခွေးဘဝက မစင်အကြိုက်ကျသောစိတ်သည် လူ့ဘဝရောက်သော် မစင်တုံးမုန်းဇောများ ဝင်နေတတ်သည့်ပမာ...

(၁) တစ်ဘာသာဝင် လူ့သားဖြစ်နေစဉ် သူ့အသက်သတ်လျှင် မကောင်းဟူ၍ ဇောဝင်၊

http://www.dhammadownload.com



(၂) အခြား တစ်ဘာသာဝင်အဖြစ်ရောက်သော် ၄င်းတို့ကား ကမ္ဘာပျက်ဟင်းသီးဟင်းရွက်ဟူ၍ ဖောဝင်၊

(၃) အခြား တစ်ဘာသာဝင်အဖြစ် ရောက်သော်ကား ဤလိုသတ်မှ မြတ်သည်ဟူ၍ဖောဝင်၊

ဤသို့လျှင် ဖောစိတ်အစဉ်များ၊ အကောင်းအဆိုးအမြင်များဖြင့် ပြန်လှန်နေကြပေလိမ့်မည်။

ထိုဖောဝင်မှုတို့သည် မိမိ. မိမိတို့ယုံကြည်သက်ဝင်သော မိမိ. မိမိတို့နှင့်လက်လှမ်းမီ သာသနာဖြစ်သော ထိုထိုဘုရားများ၏ အဆိုအမိန့်တို့စကား ပညတ်ချက်များကို နားဝင်ကြရာမှ လိုက်စားဖြစ်သော ဖောစိတ်များချည်းပင် ဖြစ်ပါချေ၏။

မည်သည့်ဘုရား၏ စကားကအမှန်ကန်ဆုံးဆိုသည်ကို တမလွန်က စောင့်ကြည့်မှသိရ၏။

မည်သည့်ဘုရား၏ လမ်းပြမှုက အချမ်းသာဆုံးဖြစ်သည်ကို သံသရာအဆုံးက စောင့်ကြည့်မှသိရ၏။

အကျိုးပေးဝိပါက်ကား ဘုရားစကား နားထောင်လိမ့်မည် မဟုတ်ချေ။ မိမိစေတနာ၏ ရောင်ပြန်ဟပ်မှုအတိုင်း မိမိအစွဲက ထိုစေတနာဖောများအတိုင်း ဒဏ်ခတ်ပေရော့မည်။

လက်ဦးစေတနာသန်လွန်းက မျက်မှောက်သည်ဘဝမှာပင် ထင်ရှားစေအံ့။

အလယ်ဖောစေတနာသန်က မျက်ကွယ်တစ်ဘဝ မြောက် နှစ်ဘဝမြောက် စသည်ကျမှ ထင်ရှားအံ့။

## နတ်တလူစာစဉ်

http://www.dhammadownload.com



အဆုံးဇော စေတနာသာသန်က သံသရာအဆန် တစ်ပြန် မကျော့မီ အဆုံးနားနီးကျမှ ထင်ရှားအံ့။

အကြင်သူသည် ပျက်စီးစေလိုသောစိတ်ထားဖြင့် သူတစ်ပါး၏ မျက်စိကို ဖျက်ဆီး၏။ ထိုသူအားလည်း ၄င်းစေတနာကပင် ၄င်း၏မျက်စိကို ပျက်စီးစေတော့၏။

တစ်ဖက်၏ ကာလဲ့စားကား မသေချာ၊ မိမိစေတနာ၏ အကျိုးပေးကား မုချခံစားရပေတော့မည်။

သည့်အတူ ပျက်စီးစေလိုသော စိတ်ထားများဖြင့် သူတစ်ပါး၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများထဲမှ တစ်ခုတစ်ခု သွားရောက်၍ ဖျက်ဆီးလေတိုင်းပင် မိမိ၌လည်း ထိုတစ်ခုတစ်ခုနှင့် ညီမျှသော ကိုယ်အင်္ဂါအစိတ်အပိုင်းများ ပျက်စီးရချေတော့၏။ သူတစ်ပါး၏ ဧရာတ်ပင်မှ ဧရာတ်သီးကိုဆွတ်ချူ၍ စားသုံးရာတွင် မိမိမစင်ထဲမှ ထွက်ကျလာသော ဧရာတ်မျိုးစေ့မှ ဧရာတ်တစ်ပင်တစ်ပင်ထ၍ ပေါက်ရောက်သည့်ပမာ ရှိ၏။

နွားကိုသတ်၍ အရပ်ကိုဝေရာ၌ ဤအကျင့်သည် ကောင်း၏ဟူသော ဇောစေတနာနှင့် နွားသတ်မှုနှစ်ခုရှိလေရာအရပ်သို့ ဝေငှပေးကမ်းခြင်းကား အပြစ်မရှိချေ။ နွားသတ်ခြင်းကား အပြစ်ထင်လင်းရှိနေချေသည်။ ကုသိုလ်၏အင်္ဂါရပ်တွင် အပြစ်လည်း မရှိစေရ၊ ကောင်းကျိုးလည်း ပေးစေရမည် နှစ်ချက်ရှိရာ ထိုနွားသတ် အရပ်ဝေမှုကား ကုသိုလ်အစစ် လုံးဝမဖြစ်နိုင်ပြီ၊ အရပ်ဝေမှုကြောင့် ကောင်းကျိုးကား ရချင်ရမည်။ နွားသတ်မှုအပြစ်ကား

http://www.dhammadownload.com



လက်ပိုက်ကြည့်နေလိမ့်မည် မဟုတ်ချေ။

သည့်အတူ...

တစ်ဖက်က အလှူကြီးအတန်းကြီး မြိမ့်မြိမ့်သဲသဲ ဝေငှ ပေးကမ်းနေ၏။

တစ်ဖက်က ဝက်၊ ကြက်၊ နွား၊ ဆိတ်တို့ လက်ရဲဇက်ရဲ ဆွဲငင်သတ်ဖြတ်နေ၏။

ထိုကဲ့သို့ စေတနာနှစ်ကံပြိုင်မျိုးမှန်သမျှကုသိုလ်အစစ် မဖြစ်နိုင်တော့ချေ။ ကုသိုလ်အစစ်မဖြစ်လာသော် အကုသိုလ် တစ်ဖက်၊ ကုသိုလ်တစ်ဖက် အကျိုးပေးဝိပါက်၌ ဖက်စပ်ဖြစ်လာ ပေလိမ့်မည်။ ကုသိုလ်၊ အကုသိုလ် တစ်ဝက်စီပါဝင်နေချေ သော်...

ကြိမ်ဒဏ် ကျောတစ်ရာ ရင်တစ်ရာ အနှံ့ ကိခံပြီးမှ ထမင်းတစ် နပ် အဝစားမည်လော။

ထမင်းတစ်နပ် အဝစားပြီးမှ ကြိမ်ဒဏ်အချက်တစ်ရာ အရိုက် ခံမည်လော...ဟူသော ဆုပေး ဒဏ်ပေးနည်းများ အတိုင်း ဆိုးကျိုးနှင့်ကောင်းကျိုး တစ်လှည့်စီအလှည့်ကျ ခံစားရမည်ကား မလွဲပြီ။ သို့ကြောင့် မိမိစေတနာတို့၏ နေရာချ ထားပေးမှုအတိုင်း လျှင် မိမိ၌ဘဝရရှိခြင်း၊ ဘဝရှိအကျိုးပေး ခံစားခွင့်ရလာခြင်းများ ဖြစ်ကြလေရာ မိမိစေတနာသည်သာ အားအကိုးရဆုံးဖြစ်၏။ မိမိစေတနာသည်သာ အကြောက်ရဆုံးဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် မိမိစေတနာကြောင့် ကျခံရသောဝဋ်ကြွေးများကို

http://www.dhammadownload.com



သွားရောက်ခံစားရာ၌ မည်သည့်ဘုရားကမျှ ကြားဝင် မကာကွယ်နိုင်ခြင်း၊ မိမိစေတနာကြောင့် ဖြစ်ထွန်းလာသော ကောင်းကျိုးခံစားမှုများကိုလည်း မည်သည့်ဘုရားကမှ မဟန့်တားနိုင်ခြင်းများကြောင့်တည်း။

မြစ်ရေတို့သည် မြင့်ရာမှနိမ့်ရာသို့စီးဆင်းနေသည်မှာ နိယာမတည်း။

သစ်ပင်တို့သည် နိမ့်ရာမှမြင့်ရာသို့ လွန့်တက်နေသည်မှာ နိယာမတည်း။

မြစ်ရေကို တောင်စဉ်စမ်းဝ စခန်းအစသို့ ပြန်လည်ဆန်တက်ရန် မည်သူမျှ အမိန့်မပေးနိုင်။

သစ်ပင်ကို အညွန့်အောက်စိုက် မြေထဲသို့ ပြန်လည်ဆန်တက်ရန် မည်သူမျှ အမိန့်မပေးနိုင်။

သစ်ပင်ကို အညွန့်အောက်စိုက် မြေထဲသို့ပြန်လှိုက်ရန် မည်သူမျှ အမိန့်မပေးနိုင်သည့်ပမာ ဝဋ်ရတုံ့ဝဋ်လှည့်များဖြင့် ကျင်လည်ကျက်စားနေကြရရှာကုန်သော သတ္တဝါအငယ်စား၊ အကြီးစားများတို့သည်လည်း စင်စစ် မိမိတို့၏စေတနာ အစွဲအတိုင်းသာ မြင့်မြတ်ကြရာမှ ယုတ်နိမ့်ကျရာသို့ ဆင်းသက်ခံစားနေကြရပါကုန်၏။

လူ့ဘဝရောက်ရစဉ်တွင်မှ ဝဋ်ရသစ်မလည်ပတ်ရန်နှင့် ဝဋ်ဟောင်းများရှိက ပြေပျောက်ရန် ကိစ္စများကို ဆောင်ရွက်နိုင်ခွင့်အစွမ်းရှိရာသို့ လူ့ဘဝရောက်လေမှ တိရစ္ဆာန်ဘဝမျိုးထက်

http://www.dhammadownload.com



ပိုက်ခဲ့နေပါသော်ကား သံသရာစက်ဝန်က တက်ရန် မရှိတော့ပြီ။

သတ္တဝါတို့တွင် လူသည် အသိဉာဏ်အရှိဆုံး၊

သတ္တဝါတို့တွင် လူသည် ကောက်ကျစ်အစဉ်းလဲဆုံး၊

ကမ္ဘာမြေပြင်တွင် အတူနေသတ္တဝါလေးများအပေါ် ဝယ် နည်းအမျိုးမျိုးဖြင့် နှိပ်စက်ဖျက်ဆီးပစ်နေသည်မှာ လူကိုတု၍ မည်သည့်တိရစ္ဆာန်မျှ မမီနိုင်ချေ။

(က) ထိုအမှုအကျင့်သည် မိမိမခံနိုင်သောအရာဖြင့် သူ တစ်ပါး သွားရောက်စော်ကားမှုဖြစ်၍ မကောင်းမှု ဆိုရ၏။

(ခ) ထိုအမှုအကျင့်သည် မိမိလည်းတစ်ဖန်ပြန်လည် ခံရ မည့် ကြွေးမကင်းသော ကိုစွမျိုးဖြစ်၍လည်း မကောင်း မှု ဆိုရ၏။

ထိုထိုမကောင်းမှုမှန်သမျှတို့သည် ကြိုက်စိတ်ကို လက် သပ်မွေးခြင်း၊ ကြိုက်စိတ်ကို အလိုလိုက်၍ သူ့အကြိုက်ပြုပေးခြင်း၊ ကြိုက်သွေးဆာရာ အစာရှာပေးခြင်းဟူသောသုံးမျိုးတို့ကို ပတ် လည်လှည့်စေရာမှချည်း ဖြစ်ကြရ၏။

အကြိုက်လိုက်နေသမျှကား လိုက်လေကြိုက်လေ၊ ကြိုက် လေ လိုက်လေ မဆုံးတည်း။

အကြိုက်သုံးနေရသမျှကား သုံးလေကြိုက်လေ၊ ကြိုက်လေ သုံးလေ မဆုံးတည်း။

ဟုတ်. မဟုတ်ကား ဆေးလိပ်ကြိုက်သမားကို မေးကြည့်၊

နှစ်ရပ်ပေါင်းသော သတိက ခံစားခွင့်ရဝတ္ထုအာရုံတို့၏ သဘောကို နိုက်နိုင်သမျှ နိုက်ကြည့်ပြီး သူ့သဘောဖော်ထုတ် လျက်က မှတ်ချက်ချပေး၊ သမ္မာဉာဏ်က သတိမှတ်ချက်ချပေး သမျှ သူ့သဘောနှင့်အညီ သိမှီပေး...ဟူ၍ပင်တည်း။

သို့ကြောင့် သတိရှိနေသမျှ မသိပြီဟူ၍ မရှိပြီ။

ထိုသတိကြောင့် သိသော အသိကလည်း မရေမရာ သိမျိုး မဟုတ်တော့ပြီ။

(၁) သတ္တက - ဤအရာကား အကျိုးရှိ၏၊ အကျိုးမရှိ ဟူ၍ ကောင်းကောင်းကြီး သိပိုင်၏။

(၂) သပ္ပါယ - ဤအရာကား လျော်ပတ်၏၊ မလျော် ပတ်ကောင်းကောင်းကြီး သိပိုင်၏။

(၃) ဂေါစရ - မိမိကျက်စားရာ စားကျက်တွင်း၏ အရှိကို ကောင်းကောင်းကြီး သိပိုင်၏။

(၄) အသမ္မောဟ - စားကျက်ပြင် စားကျက်တွင်း မည် သည့်အခင်းဖြစ်စေ မတွေမဝေ ရှင်းရှင်းကြီးသိပိုင်၏။

ထိုသမ္မဇညတရား လေးပါးတို့နှင့် အကျွမ်းဝင်နေသူသည်... မကောင်းမှုကို သူ မပြုတော့သည့်အပြင် ကောင်းမှုကိုရည်းသာ တွင်တွင်ပြုပေရော့မည်။

အဘယ့်ကြောင့်ဆိုသော်...

မတရားသော ရယူခံစားမှုမှန်သမျှ ကြွေးတင့်ကြွေးတင် မကင်းသည်ကို သိပိုင်နေတော့၍လည်းကောင်း၊ ခံစားရင်းက

http://www.dhammadownload.com



အရင်းပါပဲ့ ဘာမျှမကျန်ရစ်ခဲ့သည်ကိုလည်း သိပိုင်နေ၍ လည်း ကောင်းတည်း။

ထိုမှတစ်ပါး...

သူသည် ကိုယ်မသတ်ဘဲနှင့်လည်း တစ်ချိန်သေရမည့် အသေကောင်ပေပဲဟူ၍လည်းကောင်း၊

သူဥစ္စာသည် ကိုယ်မယူဘဲနှင့်လည်း သူ့လက်ထဲဆုပ် သူ့လက်ထဲဝယ် ပုပ်မည်ပေပဲဟူ၍လည်းကောင်း၊

သူ့ကာမဂုဏ်ကို ကိုယ်မတုန်ဘဲနှင့်လည်း သူ့စုံမက်ရာ ဘက် သွေးပျက်ဦးမည်ပေပဲဟူ၍လည်းကောင်း၊

သူ့ကို ကိုယ်မလိမ်ဘဲနှင့်လည်း သူ့ကြမ္မာဝဋ်ဆင်းက သူ့ အတင်းလိမ်နေပြီကပဲဟူ၍လည်းကောင်း၊

သူ့ကို ကိုယ်မထန် ရန်မစဘဲနှင့်လည်း သူ့ကြမ္မာရန်စက သူ့ပြန်ချနေသည်ကို ခံနေရပြီကပဲဟူ၍လည်းကောင်း၊

အတွင်းသိ သိနေတော့ရကား သူတစ်ပါး သွားမတရား ပြုကျင့်ရန် ဝန်လေးလာချေသည်။

ဆိုပါစို့၊ လူတို့သွေးတောင်းနေကျ ဝက်ကြက်ဘဲမှအစ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ကျအောင် အကောင်တို့ကား တစ်နေ့ သေမှာ ပင်ဖြစ်ကြ၏။ သေမှ ကောက်ချက်စားလည်းရသည် ပင်ဖြစ်၏။ အသေမစောင့်နိုင်၍ ထသတ်က သတ်ကြွေးသာ ကိုယ့်၌ ကျန်ရစ် မည်ဖြစ်၏။ သို့ကြောင့် သူတစ်ပါး မတရားပြုကျင့်ရန် ဝန်လေး လာတော့ခြင်းဖြစ်၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



သူ့ဥစ္စာကိုယ်မဖျက်လည်း တစ်နေ့ သူ့ကံရှိန်မဆက်က ပျက်မှာချည်းဖြစ်ရာ သူ့အပေါ် မနာလိုစိတ်ဖြင့် သူ့ဥစ္စာဖျက်ဆီးခြင်းသည် ဓားနုတ်ရာ လက်ဝင်လျှိုခြင်းမျှသာ။

တစ်ဖန် သူ့ဥစ္စာရယူသိမ်းပိုက်လို၍ ဝင်ရောက်ယူငင်ရာ၌လည်း ကိုယ့်အကြွေးရှိက တစ်နေ့ ကိုယ့်အားပေးဆပ်ရမည်ပင်ဖြစ်ရာ ကြွေးဟောင်းပေးကိုမစောင့်၊ ကိုယ်ကဝင် မှောင့်မိသော် ကိုယ်သာကြွေးဆပ်သမားဘဝရောက်မည်ကို အပိုင်သိလာ၍ ဝန်လေးလာတော့ခြင်း ဖြစ်၏။

သည့်အတူ ကိုယ့်သွေးအဆူ သူ့အချူနိုင်းခြင်း၊ ကိုယ့်လိုဘတ် သူ့ကပ်လိမ်ခြင်း၊ ကိုယ်ဒေါသက သူ့သွားစခြင်းတို့၌လည်း ကိုယ်မဆံသော်မှ သူ့ကံကြမ္မာက သူ့ပြန်ဆံကာ ခံစရာရှိသမျှ အစံနိုင်းနေပြီကို မိမိကား အသာလက်ပိုက်ကြည့်နေရုံမျှသာရှိ၏။ ရှာဦးကျောင်းဘုန်းတော်ကြီးများပမာ...

မိမိအား လာပင့်ကျွေးသော် လိုက်လံစားပေးလိုက်ရုံသာရှိရာ၏။

မိမိအား လာမပင့်ရှောင်ခဲ့သော် အသာနေပေးလိုက်ရုံသာရှိရာ၏။

မိမိ၏ပယောဂကား ၄င်း၏အကြား လမ်းမသလားစေတော့ပြီ။

ထိုသို့နေတတ်ရန်မှ ရှင်းရှင်းလင်းလင်း အပိုင်သိ သိနေမှသာဖြစ်၏။ ကျက်စားမိရာ အာရုံတိုင်းအပေါ် အမြင်ရှင်း

http://www.dhammadownload.com



နေမှသာဖြစ်၏။ ထိုအခါ...

အကျိုးမဲ့၍ မလျော်ကန်သော အမူအကျင့်မျိုး တိုးမဝင်စေတော့ပြီ။

အကျိုးရှိ၍ လျော်ကန်မည့်အမူအကျင့်မျိုး ကြိုးစားပေရော့မည်။

ထိုတွင် အကျိုးရှိ၍ လျော်ကန်သော အမူအကျင့်မျိုးဟူသည် တစ်ဖက်သားတို့အပေါ် မတရားမပြုကျင့်တော့ခြင်းနှင့် သူတစ်ဖက်သားတို့အလိုရှိရာကို ကူညီဖြည့်စွမ်းပေးခြင်း၊ အားမဲ့နေသည်ကို အားဖြည့်ပေးခြင်း၊ လက်မဲ့ဖြစ်နေသည်ကို လက်ကူပေးခြင်း စသည့် လူ့ကျင့်ဝတ်များပင် ဖြစ်ကြ၏။

ထိုအကျင့်မျိုးကား အတုံ့အလှည့်ဝင်ရွေကြေးမရှိ ကျေးဇူးစားကျေးဇူးခံသာရှိ၏။

ထိုအကျင့်မျိုးကား သည်ဘဝ သူပြုံး၍ ဟိုဘဝကိုယ်ပြုံးရမည့်အရာမျိုးသာရှိ၏။

ထိုအမူအကျင့်မျိုးကို ကျင့်လိုရာ၌ ဒါနဖြင့် သူကောင်းစားရေး အလေးပြုပေးပြီး သီလဖြင့် သူချမ်းသာရေးကို ရှေးရှုပေးခြင်း အမှုနှစ်ခုတွဲ တွဲပြုရာ၏။ ထိုတွင်...

(က) ဒါနဖြင့် သူကောင်းစားရေး ဖေးမနေသော်လည်း ကိုယ်ကျင့်မကောင်းသဖြင့် သီလမပါသော် ခြေကားရား လက်ကားရား ပါနေတတ်ရကား တစ်ဖက်သား စိတ်မချမ်းသာ၊

http://www.dhammadownload.com



(ခ) သီလဖြင့် သူချမ်းသာရေး ဖေးမနေသော်လည်း နမြော တွန့်တိုလှသဖြင့် မစွန့်ကြဲဘဲ ကိုယ့်အထဲသို့သာ အတွင် ယက်သွင်းနေရျော ထိုတစ်ဖက်သား မကောင်းစား။

ထို့ကြောင့် သီလဖြင့် ကိုယ်ချင်းစာစိတ်ကို မွေးမြူ၍ ဒါနဖြင့် ရက်ရောစိတ်မွေးမြူရာ၏။ ထိုအခါ တစ်ဖက်သား ကောင်းစား ချမ်းသာစေပြီး လရောင်အောက်သွားလေသူ လ၏အအေးဓာတ် ကြောင့် မိမိပါ အေးလာစေသည့်ပမာ မိမိမှာလည်း သံသရာ့ရှိက္ခာ ကောင်းစားခြင်း ချမ်းသာခြင်းမျိုး တိုးပွားစေတော့သည်သာ။

မိမိက သူတစ်ပါးတို့သို့ ပေးကမ်းခြင်း ထောက်ပံ့ကူညီ ခြင်းသည် မိမိရရန်သာဖြစ်ပြီး တစ်ဖန် မိမိက သူတစ်ပါးထံမှ သိမ်းပိုက်ခံစားခြင်း ရယူခံစားခြင်းများသည် မိမိက ပြန်လည်ပေး ရန်သာဖြစ်သည်ကို ကောင်းကောင်းကြီး ကွဲကွဲပြားပြားကြီး သိနား လည်နေသူသည် မည်သည့်ကာလမျှ ပေးစွန့်ရန် လက်မတွန့် ရျေ။ ရယူရန်ကိုလည်း မည်သည့်ကာလ၌ဖြစ်စေ လက်ရွံ့နေ မည်သာ။

ဒါနအကြောင်းကို ကောင်းကောင်းသိထားသော ဘုရား ရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းလုံး ဒါနထုပ်ကို မြှုပ်နှံ၍ ထိုကာလအတွင်းဝယ် အတိုးအညွန့်များကို ထုတ်ယူခံစားပြီး နိဗ္ဗာန်ဝင်ခါနီး၌ အရင်းအားလုံး ထုတ်သုံးသွားတော်မူ၏။ ယနေ့ တိုင်လည်း သူ့အရင်းဖြင့် သာဝကအဆက်ဆက်တို့ ဆက်ခံနေရ ဆဲပင်တည်း။

## နတ်တလူစာစဉ်

http://www.dhammadownload.com



(၃) စိတ်ဖြူစင်မှု၏ မြစ်ဖျားခံရာသည့် သိက္ခာ

သီလ၊ သမာဓိ၊ ပညာကျင့်ခြင်း၊ ကျင့်ရာ၌တည်ခြင်း၊ ကျင့်ရာ၌သိခြင်းဟူသည့် သိက္ခာသုံးဆင့် အထွတ်တပ်မထား သူသည် မည်သည့်လူမျိုးဝင်ဖြစ်စေ၊ မည်သည့်ဘာသာဝင် ဖြစ်စေ စိတ်ဖြူစင်လိမ့်မည်မဟုတ်ချေ။

တဏှာကြီးသူ၌ ဒေါသ မထတတ်၊ ဒေါသ အထနေးသဖြင့် စိတ်မထွေးလုံး၊ သူ၏ တည်ကြည်ခံညားခြင်းသည် စိတ်ဖြူစင်ခြင်း ကြောင့် မဟုတ်ချေ။ တဏှာလက်ငုတ် ကုပ်စရာမတွေ့သေး၍ မြုပ်နေခြင်း၊ တဏှာအစေးပေါက်ရာ၌ ဒေါသမီးမတောက်ခြင်း မျှသာတည်း။

ဒေါသကြီးသူ၌ ရာဂ မကြွတတ်၊ အကြွနေးသဖြင့် စိတ်မထွေးလုံး၊ သူ၏တည်ကြည်ခံ့ညားခြင်းသည်လည်း စိတ်ဖြူစင်ခြင်းကြောင့် မဟုတ်ချေ။ ဒေါသလက်ငုတ် ကုပ်စရာ မတွေ့သေး၍ မြုပ်နေခြင်း၊ ဒေါသမီးလောင်ပြင်အရပ်၌ တဏှာအစေး မကပ်ခြင်းမျှသာတည်း။

မောဟကြီးသူ၌ ရာဂရော ဒေါသပါ မထကြွတတ်၊ ရာဂ ဒေါသအထအကြွနေးသဖြင့် စိတ်မထွေးလုံး၊ သူ၏တည်ငြိမ် အေးဆေးခြင်းသည်လည်း စိတ်ဖြူစင်ခြင်းကြောင့် မဟုတ်ချေ။ ကိလေသာ့လက်ငုတ် ကုပ်စရာမရှိ၍ မြုပ်နေခြင်း၊ အိပ်ပျော်နေချိန်ကာလ၌ အာရုံမကျ စိတ်ချလက်ချဖြစ်နေခြင်းမျှ သာတည်း။

နတ်တလူစာစဉ်

http://www.dhammadownload.com



(က)မိမိစိတ် သန့်ပြန့်စင်ကြယ်လိုလျှင် ငါ့ကိုယ်ငါ ခင်မင်ရန် ကျင့်မှ ရချေသည်။

(ခ) မိမိစိတ်ဖြူစင်စေလိုလျှင် သူ့ကို မခင်မင်ရန် စိတ် မကာလက်မှ ရချေသည်။

(ဂ) မိမိစိတ်ဖြူမထင်စေလိုလျှင် အာရုံကို မခင်မင်ရန် သိသိနေမှ ရချေသည်။

ထိုသုံးမျိုးတို့တွင်—

(က)ငါ့ကိုယ်ငါ မခင်မင်ရန်ကို ပဌမမဂ်က တာဝန်ယူရမည် ဖြစ်သဖြင့် ထိုမဂ်သွားရာ၏ လမ်းခရီးတစ်လျှောက်လုံး၌ပင် ကျင့်သည်။ တည်သွားပြီ၊ သိလာပြီဟူသော သိက္ခာသုံးဆင့် က အမြဲပါဝင်နေရမည်ဖြစ်ပြီး ကျင့်သည်ဟူသော သတိ၏ စေ့စပ်မှု သီလသိက္ခာက ဦးဆောင်မှုပေးနေရချေသည်။

(ခ) သူ့ကို မခင်မင်ရန်ကို ဒုတိယ၊ တတိယ မဂ်နှစ်ခုတို့က ပူးပွဲတာဝန်ယူရမည်ဖြစ်သဖြင့် ထိုမဂ်များသို့ သွားရာခရီး တစ်လျှောက်လုံးလုံးတို့၌ပင် တည်နေသည်။ တိုးကျင့် သည်။ တိုးသိနေသည်ဟူသော သိက္ခာသုံးဆင့်က အမြဲပါဝင်နေ ကြ ရ၏။ စိတ်မကစားတော့ဟူသော သတိ၏စူးစိုက်မှု သမာဓိသိက္ခာက တာဝန်ယူကာ တတ်ရချေသည်။

(ဂ) အာရုံ မခင်မင်ရန်ကိုကား နောက်ဆုံးမဂ်က တာဝန်ယူရမည် ဖြစ်သဖြင့် ထိုမဂ်သို့သွားရာ၏ လမ်းခရီးတစ် လျှောက်လုံးလုံး တို့၌ပင် သိသိနေပြီ၊ တိုးကျင့်လိုက်ပြီ၊ တိုးတည်နေပြီ၊

http://www.dhammadownload.com



တိုး၍တိုး၍သိသိနေပြီဟူသောအသိ၏ တစ်ထိတည်းထိ၊ တစ်သိတည်းပင် သိသိနေမှု ပညာသိက္ခာက ကြီးကြပ် ကွပ်ကဲပေးရချေသည်။

ထိုသို့ သိက္ခာသုံးဆင့် ဆင့်လျက် ဆင့်လျက် တက်ရာ၌---

(၁) ပထမမဂ်သို့ တက်စခန်းတွင် အမှတ်မှ အမှတ်သို့ စပ်မိ နေခြင်းကို ဦးစားပေးတက်ရာ၏။

အမှတ်မှ အမှတ်စပ်နေခြင်းဖြင့် စိတ်စင်ကြယ်မှုကို အရယူ ရမည်။

အမှတ်မှအမှတ် စပ်နေခြင်းဖြင့် ဖြစ်ပျက်မြင်ဉာဏ်ပညာကို အရယူရမည်။

အမှတ်ရ အမှတ်စပ်နေခြင်းဖြင့် အထိနှင့်အသိတို့၏ ဉာဏ်ပညာကို အရယူရမည်။

အမှတ်မှ အမှတ်စပ်နေခြင်းဖြင့် အထိနှင့်အသိတို့၏ အရှိကို ကွဲသိစေရမည်။

ဤနည်းဖြင့်ပင် ကျင့် - တည် - သိ တစ်ပတ်လည်က ဉာဏ် တစ်ချက်ပွင့်စေပါသည်။

ဤနည်းဖြင့်ပင် ကျင့် - တည် - သိ တစ်ပတ်လည်က စိတ် တစ်ခါဖြူစင်စေပါမည်။

အောက်ခြေ၏ သမာဓိသည် အမှတ်မှအမှတ် စပ်နေရာမှ ပေါ်ထွန်းခွင့်ရ၏။

အထက်၌ သမာဓိသည် အမှတ်မှ အမှတ်စပ်နေရာမှ

http://www.dhammadownload.com



ပေါ်ထွန်းခွင့်ရ၏။

၎င်းတို့ကို စာစကားတို့က ဥပစာရ သမာဓိ၊ အပ္ပနာ သမာဓိ ဟူ၍ ကင်ပွန်းတပ်၏။

တစ်ဖန် အငြိမ်း၏အငြိမ်းကို သတိသမ္ပဇဉ်တို့ဖြင့် လှူပ်ချောက်ရှားလျက်က ယင်းဖြစ်ပျက်ကို လေ့လာသုံးသပ်လိုက်သောအခါ ဘာမှမရှိရာမှလာသောအရာသည် ဘာမှမရှိသောအရာသို့ ပြန်သွားသည့်ပမာ ငါဟူသော မရှိသော အရှိကိုသိသော အသိသည်လည်း အကြွင်းမဲ့ချုပ်ပျောက်သွားတော့ကာ နိုးကြားလာခဲ့ရချေသည်။

ထိုနိုးကြားခြင်းသည် ခရီးကြမ်းနှင်လာရာမှ နိုးကြားခြင်း ဖြစ်ရကား စိတ်မကြည်လင်သေး၊ စိတ်ဖြူစင်မှုကို အပြည့်မရ သေးချေ။

နိုးသဖြင့် ထလာရသော်မှလည်း ဝမ်းသာခြင်း၊ ဆာလောင်ခြင်းက ပြင်းစွာနှိပ်စက်နေသောကြောင့် အစာမျှော်လည်း မကာင်း သေး၊ စိတ်လည်းမရှင်းသေးချေ။

(၂) ဒုတိယ၊ တတိယ မဂ်စခန်းတွင်ကား ဆာလောင်မှု မကာင်း သေးသဖြင့် ကမြင်းနေသော စိတ်ကိုပင် ဆုံးမလျက်က တက်ရာ၏။ အမှတ်၏ စေ့စပ်ခြင်းကား ငါ၊ သူဟူသော ပြိုင်ဘက်ကင်းရှင်း သွားပြီဖြစ်၍ အထင်အငေါ်မရှိတော့ပြီ၊ ထို အထင်အငေါ်မရှိတော့ သော အမှတ်အစပ်အားကို အသားပါပါ စိုက်ချပေးရန်သော ဤ၌လိုတော့ရာ လေမတိုက်သော မိုးသီး မိုးပေါက်ကဲ့သို့

http://www.dhammadownload.com



ရှုကွက်တွင်း တည့်တည့်ကျခြင်းကို အထူးဦးစားပေးရာ၏။ နံ့ပြီးနောက် အစာစားပြီးသူ၏ ဣန္ဒြေမျိုးအထိ ရယူထားရာ၏။

ဆာလောင်မှုက သူ့အချိန်ကျဖြစ်သဖြင့် ပို၍သောင်းကျန်းပြမည်။

စူးစိုက်မှုက တာဝန်ယူနိမ်နင်းပေးရမည့်အလှည့်ဖြစ်သဖြင့် ပို၍အားစိုက်ချရမည်။

ထုပ်ဆီးတိုးတမ်း ကစားရာ၌ သူ့တာနှင့်သူ ဆီးတားခြင်း တိုးခြင်းကဲ့သို့တည်း။

(၃) နောက်ဆုံးမဂ်စခန်းတွင်ကား ပျံ့ပူစိတ်မကင်းသေးသဖြင့် တွေဝေနေသော စိတ်ကိုပင် သတိပေး၍ အားသစ်ရာ၏။ ဆာလောင်မှုကင်း ငါလည်း ရှင်းနေသောစိတ်သည် အေးသဖြင့် လေးနေတတ်လှချေ၏။ သို့မဟုတ် အလုပ်မရှိလေသူ တစ်ရက် အားတစ်ရက်ပင်အနီးအပါးလည်ပတ်၍ နေတတ်လှပြီ၊ တစ်ပတ် နှစ်ပတ် စသည်အားလပ်နေကလည်း ထိုအားလပ်ရက်နှင့် ထိုက် တန်ရာဒေသအထိပင် လည်ပတ်နေတတ်၏။ သို့ ငါ-သူ ပြိုင်ဘက်လည်းမရှိ၊ ဝမ်းတွင်း ပူဆာရန် မိတ်တကျာကလည်း ဝင်မလာတော့သော ဤအခါမျိုးတို့၌ စိတ်သည် ပေါ့နေတော့ မည်။ ကလေးဆော့သို့ မဆော့သော်လည်း မော့တော့တော့သာ ရှိပေလိမ့်မည်။

အလုပ်၌ စိတ်မပါ အိပ်ချင်မှာကား သေချာပြီ။

ပျံ့ပူစိတ် တက်စိတ်လာရာ အိပ်ချင်မှာကား သေချာပြီ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ဤနေရာသည် အမြဲသိသိနေမှ အဆီးအတား လွှန်မြောက်နိုင်သောနေရာတည်း။

ထိုနေရာမှ ကျော်လွှန်ပြီး သူ၏စိတ်သည် ရေချိုးပြီးစ မျက်နှာသို့လည်း လန်းဆန်းနေတော့မည်။ ဆပ်ပြာတို့ဖြင့် ပွတ်သပ်ပြီးသော ကိုယ်ကာယကဲ့သို့လည်း အညစ်အကြေးများ ကင်းစင်နေပေတော့မည်။ စိတ်အဖြူစင်ဆုံး အသန့်ပြန့်ဆုံး နေရာသည် ဤနေရာပင်တည်း။

ဘုရားဖြစ်ခဲ့သော် ဉာဉ်ပါဆေးကြောပြီးဖြစ်၍ အမူအကျင့်ပါ အညစ်အကြေးကင်းစင်၏။

သာဝကများကား ဉာဉ်ထောက်နေသဖြင့် အမူအကျင့် လောက်တော့ ညစ်ပေကြသေး၏။

သို့တစေလည်း ထိုညစ်ပေခြင်းကား စေတနာမပါတော့ သော အဗျာကတ(အကျိုးမပေး) မျိုးမျှသာတည်း။

## သန့်ရှင်းသော ကန်မှသာ ကြာပေါက်ရိုးထုံးစံရှိသည်

သစ္စာကို ကြာပန်းနှင့်နှိုင်းလျက်က ဘုရားရှင် ဟောမြွက်တော်မူခဲ့၏။ သို့ကြောင့်လျှင် အနံ့လည်းမသက်၊ အလှဘက် တွင်လည်း မပါပါဘဲလျက် ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုး ထိုကြာပန်းကို ပန်းအိုးဝယ်ထိုး၍ ပူဇော်ကြလေကုန်၏။ တစ်ဖန်...

အလောင်းတော်အစ သုမေဓာရသေ့ဘဝတုန်းက ဒီပင်္ကရာ ဘုရားရှေ့ဆုပန်ရာ၌လည်း သုမိတ္တာလက်ကမ်းသော ထိုကြာပန်း ကိုကိုင်လျက်ကသာ ဆုပန်ခဲ့ပါ၏။ သို့ကြောင့်လျှင် ကြာပန်းမပါ၊

http://www.dhammadownload.com



ဝလာခိုရှိနိုးကြရာ၌ပင် မိမိ၏ လက်ဆယ်ချောင်းတို့ကိုကြာငုံကဲ့သို့ ရှယ်ကိုးဦးထိပ်ပြင်ပေါ် တင်ကာ ရှိနိုးပူဇော်ကြရလေကုန်၏။

ထိုကြာပန်းသည် ရေအေးသောကန်တွင်းမှာသာ ဆင်းသက်၏။ ရေသန့်သောအရပ်မှာသာ ပေါက်ရောက်၏။ ပူ၍ မသန့်သောရေ၌ မနားသက်ပြီ။

အလွန်ပူသော မြေတို့သည် ရေနှင့် တွေ့သောအခါ နွံအဖြစ်သို့ ရောက်ကြရကုန်၏။ နွံဟူသည် အပူလွန်၍ပုပ်သွားခြင်း (သို့မဟုတ်)မြေသတ္တိ သေဆုံးသွားခြင်းပင်တည်း။

အပူလွန်သောနွံသည် အေးခြင်းသဘောကို အမြဲဆောင်လျက်ရှိချေသည်။

မြေဓာတ်သေပြီးသောနွံသည် သန့်ခြင်းသဘောကိုလည်း အမြဲဆောင်လျက်ရှိချေသည်။

ထိုနွံပေါ်သောကန်သည် အေးခြင်း၊ သန့်ခြင်းဖြင့် လာသမျှ ဆီးကြိုလျက်ကာသာတည်း။

ထိုအေးသော သန့်သောကန်ဝယ် ကြာမျိုးစုံတို့သည် ပျော်စံမြဲပင်တည်း။

နွံပေါ်ရာ ထိုကန်တွင်း ကြာမျိုးစုံဆင်းလေသည်ပမာ စိတ်သန့်ပြန့်စင်ကြယ်ခြင်းနှင့်တကွ အေးသောတည်သော ကြည်သော ကိုယ်နှုတ်နလုံးသုံးပါးသော ကံတွင်းမှာသာ သစ္စာတရားသည် ထွန်းကား၏။ ထိုကံအောက်၌ရှိသော ငုပ်လျှိုးကာ ထိုးဝပ်နေသော အပူဝေးသဖြင့် အအေးကြီးအေးနေသော

http://www.dhammadownload.com



ကိလေသာရှုံ့ညွှန်တွင်းသို့သာ ထိုသစ္စာတရားသည် ထိုးစိုက် လျက်ရှိချေ၏။

ကြာသည်ဥနှင့်အမြစ်တို့ကို နွံတွင်းသွင်းနှစ်ထား၏။

အရိုးကိုကား ရေလက်ကြားထားပြီး အပွင့်နှင့်အရွက်ကိုကား ရေပေါ်မှာတင်ထား၏။ နွံမှာတစ်ဝက် ရေတစ်ဝက်ဖြင့် ကြာပန်း တစ်သက် နှစ်ပိုင်းပိုင်းလျက်က တစ်ဝက်မှမသန့်၊ တစ်ဝက်မှာ ကားသန့်စေ၏ပမာ...

သစ္စာတို့၌လည်း...

(၁) ဒုက္ခသစ္စာ - အကြိုက်ကိုဒုက္ခခံ၍ လိုက်လံရှာဖွေ သိမ်း ဆည်းပေးနေခြင်းဒုက္ခ၊

(၂) သမုဒယသစ္စာ - အတွေ့တိုက်ကိုအတွေ့တိုက် မှတ်များ ကာ အာရုံမြင်ရာမှ အာရုံရှင့်ထံ နိုကပ်နေမိခြင်း သမုဒယ၊

ထိုသစ္စာနှစ်ပါးတို့သည် ကိလေသာရှုံ့ညွှန်ကြား၌ပင် ခေါင်း ထိုးထားလျက်က ရှိချေ၏။ ကိလေသာနွံတွင်း၌ပင် ပျော်ပျော်ကြီး မြစ်ဆင်းလျက်က ရှိချေ၏။

တစ်ဖန်...

(၁) နိရောဓသစ္စာ - အစွဲရပ်သဖြင့် ကြိုက်စိတ်သည် ပြတ်သွားခြင်း နိရောဓ၊

(၂) မဂ္ဂသစ္စာ - ရှေ့ဖြစ်စဉ်နှင့် နောက်ဖြစ်စဉ်တို့အကြား ချုပ်ပြတ်သွားခြင်းကို သိပိုင်ခြင်း မဂ္ဂ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုသစ္စာနှစ်ပါးတို့သည် ရှုံ့ညွှန်တွင်းသို့လည်း မငုပ်၊ ရေထဲ၌လည်း မမြုပ်တော့သော ရေပေါ်ဝဲပမာရှိချေ၏။ ရွှံ့မလူး ရေမတင် ရေပေါ်တွင်ရပ်တည်လျက်က ရှိချေ၏။ ချုပ်ပျောက်သွားသဖြင့် မကျန်ရစ်ခဲ့သော မရှိခြင်းမျိုးကား မဟုတ်၊ အာရုံပြု၍ သူ့ကိုဆင်ခြင်လျှင် သူ့အသွင်ကား ထင်ထင်ကြီး ရှားပြနေချေ၏။ ကြာအပွင့်သဖြင့် ကြာရိုးခြောက်ကာ ကြာပန်းလည်း ကြွေပျောက်သွားပါသော်လည်း ထိုကြာခွက်ထဲမှ ကြာစေ့နှံကြားမှ အထက်တက်၍တက်၍ ကြာရွက်မျှတွေ့ရ၏ သို့ရှိချေ၏။

ထိုသစ္စာတရားတို့သည် သတ္တဝါတိုင်းတို့၌ လက်ကိုင်ထားရှိကြလေကုန်၏။ မရှိခြင်း မသိခြင်းကားမဟုတ်။ မကြည့်၍ မသိခြင်းသာတည်း။

လူသားနှင့်သစ္စာ ချစ်ရာနယ်မြေမှာ ရင်ဆိုင်နေကြရပါသည်။

တိရစ္ဆာန်များနှင့် သစ္စာဖြစ်ရာနယ်မြေမှာပင် ရင်ဆိုင်နေကြရပါသည်။

သစ္စာလွတ်သော အလုပ်ဟူ၍ တစ်ခုမျှမရှိ၊ သစ္စာလွတ်သော ပုဂ္ဂိုလ်သတ္တဝါဟူ၍လည်း တစ်ဦးမှမရှိ။ မည်သည့်ဘုံ မည်သည့်ပုဂ္ဂိုလ်မျိုးမဆို သစ္စာဖြင့် ဘုံဖွဲ့ထားခြင်းသာ တည်း။ သစ္စာဖြင့်ပင် အဆင်းပုံသဏ္ဌာန် ဖန်ဆင်းထားခြင်းတည်း။

တဖန်လူမျိုးတို့၌လည်း မည်သည့်လူမျိုးဖြစ်ဖြစ် သစ္စာမလွတ်။ မည်သည့်ဘာသာကိုးကွယ်နေနေ သစ္စာမလွတ်။

နတ်တလူစာစဉ်

http://www.dhammadownload.com



လက်လှုပ်ခြေလှုပ် ခေါင်းတစ်ချက်ငဲ့ခန်းများသည်ပင် သစ္စာဖြင့် သရုပ်ပုံဖော်နေရခြင်းပင်တည်း။

ဤအကြောင်းဆိုက်သဖြင့် အလိုက်စကားပြောကြားလိုသေး၏။ ငါတို့၏ မြန်မာမှုအနုပညာ၌ သီဆိုခြင်း တီးမှုတ်ပေးခြင်း ကပြခြင်းဟူ၍ အလုပ်ဝင်၌ သုံးမျိုးရှိကြ၏။ ထိုတွင်...

[၁] တီးမှုပေးရာ၌ ဘုံအားဖြင့် သတ္တဝါတို့ ကျင်လည်ရာသည် သုံးဆယ့်တစ်ဘုံရှိသဖြင့် ဆိုင်းအဖွဲ့တစ်ဖွဲ့၏ တီးခတ်ရမည့်ဗုံလည်း သုံးဆယ့်တစ်လုံး ရှိရသည်ဆို၏။

သုံးဆယ့်တစ်ဘုံသားတို့၌ ...

(၁) ခန္ဓာအားဖြင့် ငါးပါးရှိခြင်းကြောင့် တူရိယာလည်း ငါးမျိုးရှိစေရသည်ဆို၏။

(၂) အာယတန တစ်ဆယ့်နှစ်ပါးရှိခြင်းကြောင့် မောင်းဆိုင်းငယ်၌ တစ်ဆယ့်နှစ်လုံး။

(၃) ဓာတ်ကားတစ်ဆယ့်ရှစ်ပါးရှိနေသဖြင့် မောင်းဆိုင်းကြီး၌ တစ်ဆယ့်ရှစ်လုံးရှိစေရသည်ဆို၏။

တစ်ဖန် ထိုခန္ဓာ အာယတနဓာတ်တို့၌ပင်...

(၃-က) ခန္ဓာ၌ ရုပ်ဓာတ် နာမ်ဓာတ်နှစ်ပါးသာရှိ၍ စီးနှင့်ဝါးကို ထားစေသည်ဆို၏။

(၃-ခ) အာယတနဓာတ်တို့၌ မျက်စိအဆင်း နားအသံ စသည်နှစ်မျိုး အတိုက်အခံရှိနေပြန်သဖြင့် လင်းကွင်းဟူသော တူရိယာတစ်မျိုး ထားပေး

http://www.dhammadownload.com



သည်ဆိုၜါ။

(၃-၈) သတ္တဝါအားလုံး ခုနစ်ခနေ့ ခုနစ်နံမျှသာရှိ၍ ပုလွေ တို့၌ခုနစ်ပေါက်ရှိရသည်ဆိုၜါ။

(၄) သစ္စာကား လေးပါးရှိခြင်းကြောင့် ကပြရာ၌ကား ခေါင်း ခါး ခြေ လက် ဤလေးချက်တို့ကို လှုပ်ရှား စေလျက်က ကပြရသည်ဆိုၜါ။

ဤကား အနုပညာတို့ဂ ပြောနေသော သုံးဆယ့်တစ်ဘုံ သားနှင့် သစ္စာတရားတည်း။

[၂] တစ်ဖန် ကပြလှုပ်ရှားရန်အတွက် သီဆိုရာ၌ သီဆိုမှု မှန်သမျှ သုံးဆယ့်တစ်ဘုံသားတို့၏ ချစ်ခြင်း၊ မုန်းခြင်း မသိလိုက်ဘာသာ နေခြင်း သရုပ်ကိုဆောင်လျက်က သီဆိုရရာ ထိုသီဆိုသံကို သရုပ် ဖော်ပေးရသော ဗုံဘက်ကလည်း သုံးဆယ်တစ်ဘုံ ကရှက်ကင်း လျှောက်ပမာသော ဆိုင်းဝိုင်းကြီးကို အမှီပြု၍သာ အားလုံးတီးမှုတ် ပေးကြရသည်ဆိုၜါ။

[၃] ကပြရာ၌ကား သုံးဆယ့်တစ်ဘုံသားတိုင်း အာရုံခြောက်ပါး တို့နောက် တောက်လျှောက်လိုက်ပါ ကျက်စားနေသည် သာဖြစ် ရကား ထိုကကြီးကို ဗုံ၏ခြောက်လုံးပတ်ကို အမှီပြု၍သာ ကကွက် ဖော်ပေးရသည်ဆိုၜါ။

သို့ဆိုသော် မည်သည့်ဘုံသားသည် သစ္စာလွတ်ပါအံ့ နည်း။

သို့ဆိုသော မည်သည့်လူမျိုး မည်သည့်ဘာသာဝင်သည် သစ္စာလွတ်ပါအံ့နည်း။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုသစ္စာတို့တွင် သမုဒယဒုက္ခနှစ်ပါးကား လောကီသုံး သက်သက်မျှဖြစ်၍ လူသားတိုင်း သတ္တဝါတိုင်း လက်ကိုင်သုံး သစ္စာများချည်းဖြစ်ကြ၏။ မီးကိုသွားကိုင်လျှင် မည်သူကိုင်ကိုင် ပူမည်လောင်မည်၊ အားကြီးသော် ကျွမ်းမည်ကား အမှန်မုချ ဖြင်းမရ၏သို့။

အကြိုက်သို့လိုက်၍ နိုက်သောသူသည်လည်း မည်သူမဆို လက်ဖက်စားလိုသူ ဆိုင်ရှင်အား တန်ရာတန်ကြေး လက်ဖက်ဖိုး ပေး၍ စားသုံးရ၏သို့၊ အာရုံအငွေ့တိုက်တို့အပေါ် ကြိုက်သော သူသည်လည်း ထိုအာရုံငွေ့ကို ခံစားလိုလျှင် ထိုအာရုံရှင်အား တန်ရာတန်ကြေး လက်ဖက်ဖိုးပေးရချေဦးတော့မည်။

သူတစ်ပါးသမီး ထိုသူစိမ်းကြီးကို အိမ်ပေါ်တင်လျက်က တစ်သက်လုံး ရှာဖွေကျွေးရသော ဒုက္ခ။

သူတစ်ပါးသမီး ထိုသူစိမ်းကြီးမွေးသမျှကလေး လိုသမျှ ရှာဖွေပေးရသောဒုက္ခ။

သူတစ်ပါးသမီး ထိုသူစိမ်းကြီးက မျက်နှာညှို သူ့အလိုကျ အလိုက်ပေးနေရသောဒုက္ခ။

ထိုဒုက္ခ ဤဒုက္ခသရိုင်းအဝရောက်သည့်တိုင်အောင် အနားရသည်မရှိချေ။ ထိုဒုက္ခအချစ်ကပေးသော ချစ်ဒုက္ခချည်း ဖြစ်ရာ..

သူ့ကာမ ကိုယ့်ဘဝနှစ်မျိုးတို့၌ ခင်မင်နေခြင်းသည် ဒုက္ခ ဖြစ်ခြင်း၏ အရင်းခံအမှန်တရား။

နတ်တလူစာစဉ်

http://www.dhammadownload.com



သူ့ကာမခံစား၍ ကိုယ့်ဘဝအလျော်အစားပေးနေရခြင်းသည် ဒုက္ခခံနေရသော အမှန်တရား။

လူသား၌ သစ္စာ - ချစ်ရာမှုစပါသည်ဆိုသောစကား မမှားသင့်ပါပြီ၊ လင်ထား မယားလည်း သည့်အတူမှတ်လေ။

တစ်ဖန် တိရစ္ဆာန်လောကသားတို့ကား ဖြစ်ရာဘဝပျော်ကြရ၍ ဒုက္ခသည်ဘဝ လှလှကြီးရောက်ကြရလေရာ သစ္စာ - ဖြစ်ရာမှုစပါသည်ဟူ၍သာ ဆိုရချေသည်။ အညီကိုစွဲ၍ ဤကမ္ဘာထဲ သတ္တဝါတစ်ဦးအဖြစ် အစအဆုံးရောက်လာသည့် ဘဝနှင့်လည်း ထိုစကားအံဝင်၏။

နွားသည် ယခင်က တစ်နေကုန်ရိုက်နက်ခိုင်းစေသော်လည်း အိမ်ရောက်၍ အစာကျွေးသော် ထိုတစ်နေကုန်ဒုက္ခ အစာသမုဒယက ဖုံးကွယ်ပေးထားခြင်းကို ခံရရှာ၏။

လင်သားသည်လည်း တစ်နေကုန် မည်မျှပင်ပန်းဆင်းရဲခဲ့ရသော်လည်း အိမ်ရောက်၍ပြုံးရွှင်နေသော မယားတစ်ခါစားမျှကြည့်လိုက်ရလျှင်ပင် အားလုံးမေ့သွားရတော့သည်သာ။

လူသားတို့၌ သမုဒယတဏှာသည် ဤမျှအထိ ဖမ်းစားထားနိုင်စွမ်းရှိ၏။ အဘယ့်ကြောင့်ဆိုသော် ၄င်း၏နောက်၌ ဝေဒနာအလိမ်၊ သညာအရှုပ်၊ ဝိညာဉ်၏အလှည့် ထိုသုံးမျိုးတို့ ကျောထောက်နောက်ခံရှိနေကြသောကြောင့်....။

မိန်းမတိုင်း ဒုက္ခမပေးတတ်ကြပါ။ မယားကသာ ဒုက္ခပေးနေပါသည်။

နတ်တလူစာစဉ်

http://www.dhammadownload.com



ယောက်ျားတိုင်းလည်း ဒုက္ခမပေးပါ။ လင်ကသာ ဒုက္ခပေးနေပါသည်။

ထိုဖြစ်ရပ်တို့ကို သုံးသပ်ကြည့်သော် အကြိုက်မိ၍သာ ဒုက္ခရောက်ရသည်ဟူသော သမုဒယကြောင့် ဒုက္ခဖြစ်နေရခြင်း အမှန်တရား ဖုံးကွယ်ထား၍ မရတော့ပြီ။

အချင်းချင်း ညှဉ်းပန်း၍ဖြစ်ရသော ဒုက္ခကား ဒုက္ခစစ်မဟုတ်။ သဘောချင်း မတိုက်မိခင်လေးမျှသာ။ အိမ်ရှင်ဒုက္ခလည်း မဟုတ်။ သူ့ကြောင့် ဖြစ်ရသော ဒုက္ခမျှသာ။

မိမိ၏ကြိုက်စိတ်ကြောင့်ဖြစ်ရသော ဒုက္ခသည်သာ မရှိတော့တ ရှိကြောင့်ကြဖြင့် ဘက်စုံနှိပ်စက်တတ်ရကား ဒုက္ခစစ်ဆိုရ၏။ မိမိ၏ကိုယ်စိတ်နှစ်ပါးအတွင်းကသာ ထွက်ပြူနှိပ်စက်တတ်သောကြောင့် အိမ်ရှင်ဒုက္ခဆိုရ၏။

ထိုလောကီသစ္စာနှစ်ပါးတို့တွင်...

သမုဒယဟူသော အကြိုက်မိရာ စွဲလမ်းပူဆာလျက်က ဒုက္ခကို လက်ယပ်ခေါ်နေသော အမှန်တရားသစ္စာသည် မိမိစိတ်မှာတွင် ရှိနား၍ ခိုင်းစားနေရှာ၏။

ဒုက္ခဟူသော အကြိုက်ထဲ ဒုက္ခခံလျက်က တစ်ဝက်ယူတစ်ဝက်ပေးဖြင့် ဝန်လေးကြီးကို တေးတအေးအေးကြုံလျက်က ထမ်းရွက်နေသော အမှန်တရားသည် ကိုယ်မှာတွင် ရှိနား၏။ သို့မဟုတ် ကိုယ့်ကိုယ်ကိုဒုက္ခခံဒုက္ခ စိတ်အကြိုက်ကျရာ ရယူခံစားနေခြင်း။

## နတ်တလူစာစဉ်

http://www.dhammadownload.com



သမုဒယသည် အာရုံယူခြင်း မြူခြင်းအမူအရာများ ပြသနိုင်သဖြင့် (ဦးခေါင်း)ဥကျောင်းတည်း။

ဒုက္ခသည် စိတ်စေရာလိုက်ပါပြုကျင့်ပေးနေရသဖြင့် ကပြသူ၏ခါးတည်း။ သို့မဟုတ် အမြူနှင့်အချ ဘက်စုံကျပြီးမှ ပြေရသောကြောင့် လောကီ၏ ဖိုမသစ္စာတရားနှစ်ပါး။

ယင်းသစ္စာတရားနှစ်ပါး ကိလေသာရှုံ့သွန်ကြား၌ ထိုးစိုက်ထားခဲ့လေဦး။

တစ်ဖန်…လောကမှ ထွက်မြောက်ခွင့်ရရာ လောကုတ္တရာ သစ္စာနှစ်ပါးတို့၌လည်း ချူသောမဂ္ဂနှင့်ကျသော နိရောဓဟူ၍ ဖိုမသစ္စာတရားနှစ်ပါးပင် ရှိပါချေ၏။ မဂ္ဂသည် စိတ်နှင့်အကြိုက်တို့ကို ခြားနားပေးပြီး၊ နိရောဓကား ရုပ်နာမ်နှစ်ပါး တို့၏ အပျက်မှ ဖြစ်မလာမီအကြား ခြားနားသွားစေကာ ကြိုက်စွဲကို ရပ်နားပေးမည်ဖြစ်၏။ သို့မဟုတ် ရုပ်နာမ်ဖြစ်ပျက်တို့သာ ဆက်လာ၍ အကြိုက်ပါမလာစေတော့ခြင်းပင်တည်း။

လောက၌ မည်သူမဆို…

ကံဖြင့်ပြုလုပ်ထားသော ရုပ်နာမ်များကို ထိုကံတရားကပင် ဖျက်စီးပစ်နေ၍ ပျက်ရာမှပင်ဖြစ်နေကြရသော ဘဝဖြစ်စဉ်ဖြင့် ကျင်လည်နေကြရပါသည်။ သို့မဟုတ် ကံသည် ၎င်းပြုလုပ်ထားသော ကံဥစ္စာကိုရိက္ခာလုပ်၍ ခရီးမကုန်မချင်း ဆက်လက်သွားနေခြင်း….။

စိတ်ဖြင့်ပြုလုပ်ထားသော ရုပ်နာမ်တို့လည်း စိတ်ကပင်

http://www.dhammadownload.com



ပြန်ဖျက်နေ၍လည်းကောင်း၊ ဥတုမှဖြစ်သော ရုပ်နာမ်ကို လည်း ဥတုကပင် ပြန်ဖျက်နေ၍လည်းကောင်း၊ အာဟာရဖြင့် စီရင်ထားသော ရုပ်နာမ်ကိုလည်း ယင်းအာဟာရများကပင် ပြန်ဖျက်နေ၍လည်းကောင်း အထက်ပါကံနည်းတူ ဤဘဝ ဤခန္ဓာ၏ ဖြစ်စဉ်ကြီးသည် ပျက်သွားလိုက် ပြန်ဖြစ်လာလိုက်ဖြင့်သာ...

ကလေးဖြစ်စဉ်မှ လူလားမြောက်ဖြစ်စဉ်သို့ ပြောင်းရွှေ့လာခဲ့ကြရပါသည်။

လူပျိုဖြစ်စဉ်မှ လူအိုဖြစ်စဉ်သို့ ပြောင်းလဲလာခဲ့ကြရပါသည်။ လူကြီးသူမားမှ လူအိုလူမင်းသို့လည်း ကူးဝင်ခဲ့ကြရပါသည်။

သို့ကြောင့် ထိုအဖြစ်နှင့်အပျက်၏ အစပ်၌ ချုပ်စပ်ဟူသည် လူတိုင်း၌ပါမြဲပင်ဖြစ်ပါသည်။ ခဲတစ်လုံး ကောင်းကင်သို့ ပစ်လွှတ်ရာ၌ အတက်နှင့်အဆင်းတို့အကြား ရပ်နားခြင်းဟူသောအရာသည် သတ္တဝါတိုင်း၌ပင် ကိုယ်စီရှိနေကြပါ သည်။

ဖြစ်နေဆဲ၌ အဖြစ်ရှိနေသေးသဖြင့် ချုပ်ပျောက်ခြင်း မဖြစ်နိုင်ပါ။

ပျက်နေဆဲ၌လည်း ပျက်နေသေးသဖြင့် ချုပ်ပျောက်ခြင်း မဖြစ်နိုင်သေးပါ။

ထိုအဖြစ်ထိုအပျက်တို့အကြား၌ကား အဖြစ်လည်းမရှိ၊ အပျက်လည်းမမိသေးသဖြင့် ချုပ်ပျောက်နိုင်သော အလားအလာ သူ့မှာ အပြည့်ရှိနေပါသည်။

ဒုက္ခကို ဒုက္ခမှန်းသိသူတိုင်း ဤမလွယ်ပေါက်ကချုပ်ငြိမ်း

http://www.dhammadownload.com



အလွတ်ပြေးကြလေကုန်ပြီ။

အကြိုက်ကိုကြည့်၍ တို့မိုးရှုမိုးမလုပ်လိုသူတိုင်း ဤမလွယ်ပေါက်ကို အားကိုးကြရသည်။

ထိုမလွယ်ပေါက်သို့ရောက်လိုလျှင် ကပြသူ၏ ခြေများနှင့်တူသော မဂ္ဂင်များကို တွင်တွင်ပွားရပါသည်။ မနေမနား ပွားလေ အသွားတွင်လေ ဖြစ်ပါသည်။ မည်သူမဆို မည်သည့်ဘာသာဝင်မဆို သွားလိုလျှင် သွားခွင့်ရှိပါသည်။ ဘာသာဝင်မဟုတ်၍ မသွားရမရှိချေ။

သတိမပြတ် အမှတ်မိနေလေသမျှ သင့်ဖဝါး အသွားမရပ်ဟူ၍ မှတ်ပါလေ။

မှတ်သလောက်နောက် အသိရောက်နေသမျှ သင်နားမည့်နေရာလေး ရေးရေးမြင်နေပြီ မှတ်ပါလေ။

တစ်ဖန်...သွားလိုရာ၏လမ်းဆုံးခါနီးရောက်ခိုက် ကပြသူ၏လက်နှစ်ဖက်နှင့်တူသော မှတ်ဉာဏ်နှင့်အသိဉာဏ်များက ကာမသမုဒယနှင့် ဘဝသမုဒယတို့ကို လက်လွှတ်ချခြင်း၊ ရုပ်ဒုက္ခနာမ်ဒုက္ခတို့ကို ပုတ်ချချခြင်း၊ ဖြစ်ပျက်မစပ် ချုပ်ပြတ်မှုကို ဖမ်းကိုင်လိုက်ခြင်းဖြင့် မလွယ်ပေါက်က လွတ်မြောက်ကြရပါသည်။ ထိုချုပ်ပျောက်ခြင်းကား ဝေဒနာဆုံးသဖြင့် လုံးလုံးကြီး အေးမြစင်ကြယ်သွားသော ရပြင်ပေါ်၌ ရှုမပေ နှံ့မလူး နိရောဓမဂ္ဂတို့၏ အပွင့်အဖူး အထူးတည်း။

ဤသစ္စာနှစ်ပါး၌ မဂ္ဂသည် စိတ်နေသမုဒယကို ဖယ်ထုတ်

http://www.dhammadownload.com



ပေးပြီး နိရောဓသည် ခန္ဓာဖြစ်ဒုက္ခကို ချုပ်ငြိမ်းစေခြင်းဟူ၍ အလုပ်တူလျက် တာဝန်ကွဲကြ၏။ သို့ကြောင့် ချုပ်လိုလျှင်ပွား၊ ဒုက္ခမျိုး ပျိုးမထားနှင့်ဟူသော ဆိုင်းဘုတ်ချိတ်ဆွဲထားကြရာ သည်။

ထိုရှုညွှန်တွင်း သမုဒယဒုက္ခတို့မှ ထိုရေပေါ်နေ နိရောဓ မဂ္ဂတို့သို့ ဖြစ်ပွင့်ရာ၏ မဂ္ဂင်ပွားပို့မှုကား ရေနေကြာရိုးဟူ၍ မှတ်ခဲ့ပါလေ။

## ဘာမဆို ပြုပြင်နိုင်စွမ်းရှိသော လူသား

လူသားဟူသော ဘဝဖြစ်စဉ်ကြီးသည် ကောင်းမှုကြောင့် သာဖြစ်ရလာသော ဘဝဖြစ်စဉ်ကြီးသာဖြစ်ရကား အကောင်း အဆိုး၊ အကြောင်းအကျိုးနှင့် အကျိုးခွဲခြားသိနိုင်စွမ်း အပြည့်ရှိ၏။ မကောင်းမှုမှရသော အပါယ်လူသားများကား လူဖြစ်သော်လည်း လူမစစ်ချေ။

ထိုကောင်းမှုသည်လည်း ခွေးမကြီးက သားငယ်များကို အစာအန်ဖတ် အန်ချလျက်က ကျွေးမွေးသော ရုပ်ပြကောင်းမှု၊ ပုဂ္ဂိုလ်စွဲကောင်းမှုဟူသော သာမန်ကောင်းမှုမျိုးကြောင့်မဟုတ်။

(၁) ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ်သို့ စိတ်မနားသက် ကောင်းမှုပြုခြင်း သည် သရက်စေ့ပျိုးရာမှ သရက်သီးပင်မှည့် စားခွင့်ရ ပမာ၊ ကောင်းကျိုးပေးရာ၏ အကြောင်းရင်းဟူသော ယုံကြည်စိတ်သက်သက်ကြောင့် အနည်ကင်းစင်

http://www.dhammadownload.com



သောက်ရေပမာ စိတ်စင်ကြယ်နေသည်။

(၂) ထိုစင်ကြယ်စိတ်ဖြင့် အဖြစ်နှင့်အပျက်တို့၏ ခရီးဆက်ကို ငါ၌လည်း လေ့ကျက်နေမိသည်၊ အလျှုခံ ပုဂ္ဂိုလ်၌လည်း လေ့ကျက်နေမိသည်။ အလှူဝတ္ထု များအပေါ်၌လည်း လေ့ကျက်နေမိသည်။

(၃) ထိုသို့အလှူအထမြောက်စေရာ၌ မည်သူကမျှ မတွန်းရ၊ မိမိဆန္ဒအားဖြင့်သာ ဖြစ်ပေါ်လာစေသည်။

ဤသုံးချက်သော ကောင်းမှုမျိုးဖြင့်သာ ဖြစ်ပေါ်လာရသော လူသားဖြစ်စဉ်ကြီးပင်ဖြစ်ပါသည်။ သို့ကြောင့် တိရစ္ဆာန်များထက်ဉာဏ်သာသည်ကို မမေ့သင့်ချေ။

ကျားသည့် တောတွင်းသားလေးများ၏ ကောင်းစားနေသောဘဝကို ဖျက်ဆီးပစ်ရန်၊ ချမ်းသာနေသောဘဝကို ဖြိုခွဲပစ်ရန် အခြားတိရစ္ဆာန်များထက် ဉာဏ်နီဉာဏ်နက် အလျင်အပါးသာခြင်းမျိုးကို ဤ၌ဉာဏ်ဟူ၍မသုံးပြီ။ ဤ၌သုံးသော ဉာဏ်သာသည်ဆိုခြင်းကား အကျိုးရှိအပြစ်မဲ့စေရာ၌ ဉာဏ်ပါခြင်းကို ဆိုလို၏။

ထိုဉာဏ်ရှင်ဘူသားဘဝသည်...

(က) မိမိဘဝက အဟိတ်လူသားဘဝဖြစ်နေသော် ဒွိဟိတ်လူသားအဖြစ်သို့ ပြုပြင်ပေးနိုင်ပါသည်။

အဟိတ်လူသားဟူသည် အတိတ်ဘဝက လူလူချင်းဖြစ်စေ၊ အခြား၌ဖြစ်စေ၊ ပုဂ္ဂိုလ်ခင်၍ သူတရားမင်ကာ လိုလားခြင်း

http://www.dhammadownload.com



ကပ် ငါသူဟူသော အမှတ်ဖြင့် ပေးကမ်းထားခဲ့မိရာမှ လူလာဖြစ်ခွင့်ရသော အကြောင်းမဲ့လူသားမျိုးကိုဆိုဏ်။

ထိုလူသားမျိုးသည် မြင်မြင်သမျှ တောင့်တနေတတ်လှ၍ ရန်မစဲတတ်။

ထိုလူသားမျိုးသည် ရတိုင်းရလျှင် တင်းမတိမ်တတ်လှ၍ ဒုက္ခလည်းမစဲတတ်။

သုခဖြစ်ခြင်းအကြောင်းခံကင်းခဲ့သဖြင့် မရှိဆင်းရဲ ရှိဆင်းရဲ ဖြစ်နေတတ်ဏ်။ ဖြစ်လာသမျှ အပျက်မမြင်ရ၍ ရှေ့နောက်တိုင်းထွာစရာ ဉာဏ်ကင်းလျက်ကသော ရှိချေဏ်။ ဉာဏ်ကင်းသဖြင့် လောဘကိုလည်း မထိန်းနိုင်၊ ဒေါသကိုလည်း မထိန်းနိုင်ရှာပြီ။

(ခ) မိမိဘဝက ဒွိဟိတ်လူသားဖြစ်နေခဲ့သော် တိဟိတ်လူသား အဖြစ်သို့ ပြုပြင်ပေးနိုင်ပါသည်။

ဒွိဟိတ်လူသားဟူသည် အတိတ်ဘဝက လူလူချင်းဖြစ်စေ၊ အခြားဒ္ဓိဖြစ်စေ ပုဂ္ဂိုလ်စွဲဂိုဏ်းစွဲကားမရှိ။ သို့ကြောင့် တပ်မက်လိုလားမှု၊ မကျေချမ်းမှုကင်းခဲ့ဏ်။ ဉာဏ်မဝင်ဆုံနိုင်ခြင်းကြောင့် ကားဖြစ်ပျက်ကိုကား မမြင်လေ။ ယင်းဖြစ်ပျက်မမြင်ချဲခြင်းကြောင့် ပင် ဘာလုပ်လုပ် ကိုယ်ပိုင်ဉာဏ်ဖြင့် မဆုံးဖြတ်တတ်၊ ယတိပြတ်မလုပ်ရဲ၊ တွန့်ဆုတ်ဆုတ် လက်မရဲဖြင့်သာ ပြီးပြေရတော့ဏ်။ ၎င်းကား လောဘကို ထိန်းနိုင်၍အကြိုက်မှုဖြစ်သော ဒုက္ခမရှိ။ ကံပေးဒုက္ခမျှသာခံရဏ်။ ဒေါသကိုလည်း သိမ်းနိုင်၍ အမုန်းမှုဖြစ်

http://www.dhammadownload.com



သော ဒုက္ခမရှိ ဝဋ်ကြွေးဒုက္ခမှုသာ ခံရ၏။

(ဂ) အကယ်တိတိ မိမိဘဝက တိဟိတ်လူသား ဖြစ်နေခဲ့ပါသော် အမှန်တရားသစ္စာမြင်ခွင့်ရ သူတော်ကောင်းဘဝအဖြစ်သို့ ပြုပြင်ပေးက ရနိုင်ပါသည်။

တိဟိတ်လူသားဟူသည် အဝိတ်ဘဝလှူုစဉ်ကတည်းက ဒုက္ခပေးတတ်သော ရာဂ၊ ဒါသ၊ မောဟတို့ကို ပလယ်ချိုး သုခဖြစ်ရာ၏ အကြောင်းခံများဖြစ်ကြသော...

စိတ်သန္တပြန့်စင်ကြယ်ခြင်း၊ ဉာဏ်ဝင်ဆုံခြင်း၊ အဝိုက်အတွန်းလွတ်ခြင်း ထိုသုံးပါးအကြောင်းခံများဖြင့် ပြုလုပ်ထားသော စေတနာမှလူဖြစ်လာရသော လူ့အထက်တန်းစားမျိုးကို ဆို၏။

ထိုလူသား ကံပေးဉစ္စာသာသုံး၏။ မတရားမပြုကျင့်တော့ပြီ။

ထိုလူသားကိုယ်တိုင် ဒုက္ခခံရှာဖွေစရာမလို၊ ကံစီမံပေးရာက ကံပေးဉစ္စာများ ရလာပေလိမ့်မည်။

ထိုကဲ့သို့ ကံပေးဉစ္စာဖြင့်ပင် ဖူလုံနေလေသူ၏စိတ်သည် တောင့်တခြင်း၊ ကြောင့်ကြခြင်းကင်းရကား စိတ်သန္တချည်းသက်သက် ဆက်လျက်ဖြစ်နေပြီ။

ထိုကဲ့သို့ စိတ်သန္တချည်းသက်သက် ဆက်၍ဆက်၍ ဖြစ်နေသူ၌ အမှားနှင့်အမှန်ကို ဝေဖန်သုံးသပ်၍ အဖြေမှန်ရပြီ လိုလားခြင်း မလိုလားခြင်း ကြားမဝင်တော့၍လည်း အရှိအရှိအတိုင်း သိခွင့်ရပြီ။

သစ္စာတရားသည် အမှန်၌သာနား၏။ မည်သူ့ကိုမျှ ဘက်

http://www.dhammadownload.com



မလိုက်။

သစ္စာတရားသည် သန့်ပြန့်ရာဌာနာနားဖေါ်။ ညစ်ပေစိတ်၌ မနားသက်ရေ။

ထိုအမှန်တရားမျိုးထိ သိပိုင်နိုင်သူမှာ လူသားသာလျှင် ဖြစ်ပါသည်။

ထိုသို့ သိပိုင်နိုင်ရန် ပြုပြင်နိုင်စွမ်းရှိသူမှာလည်း လူသား သာလျှင်ဖြစ်ပါသည်။

လူဖြစ်လျက်က လူ့အနစ်သာရမခံစားရခြင်းသည် လူ မဖြစ်သေး၍သာတည်း။

## ဗုဒ္ဓဘာသာတို့၏ ရည်မှန်းချက်နှင့် ပန်းတိုင်

ကောင်းစားလိုခြင်း၊ ချမ်းသာခြင်းသည် ဗုဒ္ဓဘာသာဝင် တိုင်း၏ ရည်မှန်းချက်တည်း။

ကောင်းစားချမ်းသာမှုကို ခံစားချက်က ဒုက္ခမှအလွတ် ထွက်ခွာခြင်းသည် ဗုဒ္ဓဘာသာဝင်များ၏ ပန်းတိုင်တည်း။

ထိုတွင် ကောင်းစားချမ်းသာလိုခြင်းကြောင့်...

(က) မကောင်းစား မချမ်းသာစေမည့် မကောင်းမှုမှန်သမျှ လုံးဝ မပြုကျင့်ကြပါ။

(ခ) ကောင်းစားချမ်းသာစေမည့် ကောင်းမှုတို့ကိုကား ပြုနိုင်စွမ်း ရှိသမျှ ပြုကျင့်ကြပါသည်။

သို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း အလျှုရေစက် လက်နှင့်ကွာ

http://www.dhammadownload.com



သောနေမရှိ။

သို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ကံချိုးဖျက်လျက်က အသက်မွေးခြင်းမရှိ။

ဗုဒ္ဓဘာသာသည် ဒါနနှင့်ပတ်သက်လာလျှင် နံနက်၏ အရုဏ်မတိုင်မီကပင် ငါသည်ကား တစ်ရက်၏ရေ့ပြေး ကောင်းမှုဖြင့် ကောက်ကြောင်းဆွဲ လမ်းပေးထားအံ့ဟူသော ရည်မှန်းချက်ကို လက်ကိုင်ပြုလျက်က…

ဘုရားကပ်လှူရန် ဆွမ်းတော်ချက်မည်။

သံဃာကပ်လှူရန် ဆွမ်းတော်ချက်မည်။

ဤစိတ်ထားဖြင့် နိုးထခဲ့ပါသည်။ ဤစိတ်ထားဖြင့် မျက်နှာသစ်ပါသည်။ ဤစိတ်ထားဖြင့်ပင် ချက်ပြုတ်နှုးနပ်စေခဲ့ပါသည်။ သို့ကြောင့် ဗုဒ္ဓဘာသာဖြစ်ခွင့်ရလေသူတစ်ဦး၌ အများတကာထက် ကောင်းမှုဘက်၌ တစ်ပန်းသာလျက်ရှိနေပါ သည်။

ဗုဒ္ဓဘာသာသည် သီလနှင့် ပတ်သက်လာလျှင်လည်း နံနက်၏ အရုဏ်တက် ဘုရားဆွမ်းတော်ခွက် မကပ်လှူမီ ရှေ့အဖို့ကပင်…

(က) အကျွန်ုပ်တို့၏ ဘေးရန်များကို မပြတ်ပယ်ဖျောက်ပေးလျက်ရှိပါသော ရတနာမြတ်သုံးပါးတို့၏ဂုဏ်ကို မပြတ်အာရုံဆောက်လျက်က နေပါမည်။

(ခ) အကျွန်ုပ်တို့၏ စိတ်နှင့်ကိုယ်ကို ဘေးဖြစ်ရာသို့ မပြတ်တွန်းပို့ပေးနေသော ကြိုက်စိတ်၊ မကြိုက်စိတ်နှစ်ပါးကို

http://www.dhammadownload.com



ဖယ်ရှား၍ သုတ်စ်ပါးအစီးအပွား ကြီးပွားတိုးတက်စေပါမည်။

ဤသို့လျှင် ဘုရားထံတော်ရှေ့မှောက်ဝယ် ကတိသစ္စာဆိုကာ စောင့်ထိန်းကြပါသည်။

ဤစိတ်ထားဖြင့် တစ်နေ့တာ ဝမ်းစာရှာပါသည်။ ဤစိတ်ထားဖြင့် အားလုံးနှင့်ဆက်ဆံပါသည်။ ဤစိတ်ထားဖြင့်ပင် တစ်နေ့တာ အသက်ဝင်နေပါသည်။ သို့ကြောင့် တစ်ဦးဖြစ်လာရခြင်းသည် အများထက် အပြစ်ကင်းစင်ခြင်း၊ စိတ်သန္တာန်ပြန့်စင်ကြယ်ခြင်းများ ထူးခြားလျက်ရှိနေပါသည်။

ထိုထူးခြားချက်နှစ်မျိုးတို့တွင်...

ဒါနဖြင့် အထက်တန်းကျကျ လူ့ဘဝနတ်ဘဝ၏ ကောင်းစားရေးကို တာဝန်ယူပါသည်။

သီလဖြင့် ထိုအထက်တန်းကျကျ လူနတ်ဘဝ သွားရောက်ရရေးများကို တာဝန်ယူပါသည်။

ယနေ့ ဒါနကို ဒါနနှင့်တူအောင်ပြုကြည့်၊ ယနေ့လျှင် တာဝန်ခံပါသည်။

ယနေ့ သီလကို သီလနှင့်တူအောင်သာကျင့်ကြည့်၊ ယနေ့လျှင် တာဝန်ခံပါသည်။

တစ်ဖန် ဒါနက ထိုအထက်တန်းစား လူနတ်ဘဝတို့ရှိ ဘဝနှင့်စည်းစိမ်တို့ကို ခံစားစေပြီး သီလက သက်တမ်းရှည်ရှည် နေနိုင်ရန် စီမံပေး၏။

ဗုဒ္ဓဘာသာသည် လောကီစည်းစိမ်ခံစားခွင့်ကို လုံးဝ

နတ်တလှူစာစဉ်

http://www.dhammadownload.com



မပိတ်ပင်။

ဗုဒ္ဓဘာသာသည် ဒုက္ခဖြစ်စေမည့် လမ်းစဉ်ကိုလည်း ကျင့်သုံးရန် အားမပေး။

ပစ္စည်းရှိများ ထီပေါက်လျှင် ပေါက်သလောက် အဖတ်တင်၏

ထိုကဲ့သို့...

လူ့ဘဝမှ လူ့ဘဝသို့ အကြေးကင်းကွာ လူချမ်းသာသွား၍ဖြစ်ရသော်...

လူ့ဘဝမှ နတ်ဘဝသို့အကြွေးကင်းကွာ နတ်ချမ်းသာ သွား၍ဖြစ်ရသော်...ညစ်စိတ်မဖက် ကံအကျိုးပေးသက် သက်မျှခံစားခွင့်ရနေတော့ရကား စိတ်သည် ကိုယ်ချင်းစာခြင်း၊ မည်သူ့အပေါ်မဆို တန်းတူထားခြင်းများကြောင့် ဖြူစင်နေပါသည်။ ဖြူသောအရာသည် မည်သည့်အရောင်တင်တင် ပေါ်လွင်ပြီ။

ရှုပ်ပွေလှသော လောကဇာတ်ခုံပေါ် ကပြရာ၌ မိမိကားမပါ၊ မိမိကား ပွဲကြည့်သမားမျှသာ ဖြစ်နေရချေတော့မည်။

ပွဲကသူနှင့်ပွဲကြည့်သူ ကြည့်သူကသာ အကောင်းအဆိုး သိပါသည်။

ပြောပြသည်နှင့် နားထောင်သူ နားထောင်သူကသာ အကြောင်းအကျိုး ကွဲပါသည်။

သည့်အတူပင် လောက၏ ဇာတ်ရှုပ်ထဲမှ ဖဲ့ထွက်ခဲ့သော ထိုအဆင့်မြင့် နတ်ဘဝ လူ့ဘဝရောက် လူ့ဇာတ်သား နတ်ဇာတ်သားများသည်လည်း...

http://www.dhammadownload.com



ထိုစိတ်သန္တာန်ဖြင့် အများတို့၏လှုပ်ရှားမှုကို ရှုကြည့်သော် ဒုက္ခကို ဒုက္ခအတိုင်း အထင်းသား မြင်သိနေရချေပြီ။ မိမိကိုယ်မိမိ ရှုကြည့်ရာ၌လည်း ဒုက္ခကို ဒုက္ခအတိုင်းလျှင် အရှင်းသား မြင်သိနေရချေပြီ။

(က) လက်ရှိကောင်းသော်လည်း နောက်ကြောင်းမလှသောကြောင့် ဖြစ်နေသောဘေး။

(ခ) နောက်ကြောင်းလှသော်လည်း ရသောဘဝက ချို့ပေးနေသောဘေး။

ထိုပြေးမလွတ်သော အတွင်းဘေး၊ အပြင်ဘေးကိုပင် မြင်သိလာနိုင်စွမ်းရှိချေပြီ။

ထိုသူ၌ မကောင်းရာရှောင်လိုခြင်းဆန္ဒ ရှေ့ရှုသော လမ်းပြပါတော့မည်။

ထိုသူ၌ ကောင်းရာကို ဆောင်လိုခြင်းဆန္ဒ ရှေ့ရှုသော လမ်းပြနေပါတော့မည်။

ထိုသူ၌ ပါရမီဟူသောအရာ မခေါ်ဘဲလျက်ကပင် လာလာနေချေတော့မည်။

ဤအထက်တန်းဘဝဖြင့် ပါရမီဖြည့်ကျင့်ခွင့်ရစေခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းချက်ပင်ဖြစ်ပါသည်။

ဤအထက်တန်း၏...

(က) ကာမအထက်တန်းစားမှ ဖြဟ္မာ့အထက်တန်းစား ဖြစ်ခွင့်ရရေးသည် ဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းချက်

http://www.dhammadownload.com



ပင်ဖြစ်ပါသည်။

(ခ) ပြဟ္မာ့ဘဝအထက်တန်းစားမှ အရိယာဟူသော သူတော်ကောင်းဘဝ အထက်တန်းစားဖြစ်ခွင့်ရရေးသည် ဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းချက်ပင်ဖြစ်ပါသည်။

## မရှိသောအရှိသည် ရှိသောအရှိထက် အစွမ်းထက်သည်

နိဗ္ဗာန်ဟူသည် ...

ရလိုခြင်းဟူသော တဏှာအစေးဓာတ်ကို ခွာနုတ်ပစ်လိုက်ပြီးဖြစ်သဖြင့် မရခြင်းဟူသော သတ္တိပင်ဖြစ်ချေ၏။

ထိုမရခြင်း၏ သတ္တိ၌ ခံစားမရပေးရတော့ခြင်း၊ မှတ်သားမပေးရတော့ခြင်း၊ ကြောင့်ကြစိုက်မပေးရတော့ခြင်း၊ အသိပေးဆုံးဖြတ်ချက် ချမပေးရတော့ခြင်း စသောကြောင့်ကြမဲ့အကျိုးထူးများ တစ်သီတစ်တန်းကြီးရှိနေပါ၏။

သံကို ဖိုတင်မီးထိုးရာမှ သံဓာတ်ကုန်ခန်းသွားတော့ကာ ဓာတ်လုံးသက်သက်ဖြစ်သွားသော သတ္တိလေးကသော်မှ သံချေးစားသက်သာခြင်း၊ မီးသွေးဖို မကုန်တော့ခြင်း၊ မီးမွှေး သက်သာခြင်း၊ ဖိုဆွဲသက်သာခြင်း၊ အကျိုးထူးများ အထင်အရှား တွေ့နေချေရာ ကိလေသာအစေးဓာတ် ကုန်ခန်းသွားသော နိဗ္ဗာန်၏ အကျိုးထူးကား...

ခန္ဓာမချုပ်မီ အတောအတွင်း၌လည်း စာဖွဲ့၍ မကုန်ချေပြီ။

ခန္ဓာချုပ်ပြီးနောက် အလွတ်၌လည်း နှိုင်းခိုင်းစရာပင် မမြင်

http://www.dhammadownload.com



ချေပြီ။

ဘိုးတော်ဦးဝိုင်းခေတ်က ပညာရှိပေါ်ဦးကို ဦးဝိုင်းက နိဗ္ဗာန်အကြောင်းကို မေးလေရာ အမတ်ပေါ်ဦးကား အပျိုကြီးမနှင့် လင်ရည်းမတို့ ရာဇဝင်ကိုသာ ခင်းပြခဲ့၏။

အစ်မဖြစ်သူ အပျိုကြီးက ညီမကို လင့်အရသာ ဘယ်လိုလဲ မေးရာ...

"အစ်မရယ်...ပြောမပြတတ်ဘူး၊ သိချင် ကိုယ်တိုင်သာ ယူကြည့်ပါတော့" ဟူ၏။

ဤ၌လည်း ညစ်ပေလွန်းလှသဖြင့် စိတ်ရှုပ်ထွေးနေလေ သူ စကား၏အသွား နားဖြင့်သာ နိဗ္ဗာန်ခံစားလိုသူတို့အား ဘယ်လို ဘယ်လို ပြောပြရန်ကား မလွယ်ကူချေ။

တစ်ဖန် ဘုရားလက်ထက်တော်ကလည်း နိဗ္ဗာန်ဆိုတာ မရှိရာပါတဲ့ကွာဟူသော ဝေဖန်ချက်မှတ်ချက်များ ပေါ်ထွက် လာခဲ့ရာ...

ရဟန်းတို့...

မရှိဘဲမရောက်နိုင်ရာ၊ ရှိ၍သာရောက်နိုင်ရာသည်ဟူ၍ ချေပတော်မူခဲ့ရှုး၏။ သို့ကြောင့် နိဗ္ဗာန်အကြောင်းသိလိုလျှင်...

ကိုယ်တွင်းမှာသာရှိ၍ ကိုယ်တွင်းမှသာ ထွက်ရသောနိဗ္ဗာန် ကိုယ်တွေ့ဖြင့် ရှာကြည့်ပါ။

အဝေဖန်ခံ အသုံးသပ်ခံနိုင်ပြီး ကိုယ်တွေ့ပြနိုင်သောနိဗ္ဗာန် တွေ့ဖြင့်သာ ရှာဖွေပါ။

နတ်တလူစာစဉ်

http://www.dhammadownload.com



ဤစကားနှစ်ခွန်းဖြင့်သာ တိုက်တွန်းလိုပါသည်။

နိဗ္ဗာနံ့ သန္တိလက္ခဏံ၊ အစ္စုတိရသံ

အနိမိတ္တပစ္စုပဋ္ဌာနံ။

နိဗ္ဗာန်၌ ငြိမ်သက်အေးချမ်းခြင်းဟူသော လက္ခဏာရှိနေသည်။ မသေခြင်းဟူသော သဘောသတ္တိလည်း အပြည့်ရှိရေသည်။ သို့တစေလည်း ထိုနိဗ္ဗာန်ဝင်သူ၏ သဏ္ဌာန်ကိုကား သင်မြင်ရလိမ့်မည် မဟုတ်ချေ။

အထက်ပါစကားကိုထောက် မယုံလျှင် မိမိကိုယ်တိုင် အရောက်သွားကြည့်ပါလေ။

တစ်ဖန် နိဗ္ဗာန်သည် ခန္ဓာငါးပါးတို့မှ အလွတ်တည်း။ သို့တစေလည်း..

(က) မွေ့ဟူသော အကြောင်းခံတရား အထင်အရှားရှိနေသည်။

(ခ) မွေ့ဟူသော ဓာတ်အားလည်း အထင်အရှားရှိနေသည်။

(ဂ) သစ္စာဟူသော ချမ်းငြိမ်းခြင်းလည်း အထင်အရှားရှိနေသည်။

အထက်ပါစကားကိုထောက်၍လည်း မယုံလျှင် ကိုယ်တိုင်သာ သွားကြည့်ပါလေ။

ထိုအတုမဲ့ချမ်းသာသည် ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်တည်း။

ထိုကြောင့်ကြမဲ့ အသေကင်းရာသည် ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်တည်း။

နတ်တလှူစာစဉ်

http://www.dhammadownload.com



ဗုဒ္ဓဘာသာသို့ဝင်၍ ဗုဒ္ဓ၏လမ်းစဉ်ကို မဖျက်နှင့်

အထက်၌ ...

ဗုဒ္ဓဘာသာဟူသောစကားနှင့် ပတ်သက်၍ ဝေဖန်ပြသ ခဲ့ပြီးဖြစ်၏။

ဘာသာဟူသည် ပြောဆိုရာစကားပင်ဖြစ်၏။

ဘာသာဝင်ဟူသည် ထိုပြောစကားယုံကြည်သက်ဝင်ကာ လိုက်နာနေခြင်းကို ဆို၏။

ဤ၌ဘုရားစကား ယုံကြည်သက်ဝင်ကာ လိုက်နာကျင့်ကြံပါသော်... ဗုဒ္ဓဘာသာဝင်များဟူ၍ဆိုပြီး၊ တခြား ဆရာသမားများ ၏စကားကို သက်ဝင်ယုံကြည်ကာ လိုက်နာကျင့်ကြံပါသော်ကား တခြားဘာသာဝင်များဟူ၍သာ ဆိုရ၏။

ယုတ်စွာအဆုံး ကိုယ့်စကားကိုယ်ယုံကာ ကိုယ့်သဘော ကျအတိုင်းပြုကျင့်နေလျှင်ပင် ကိုယ့်ဘာသာဝင်ကား ဖြစ်နေ ရချေပြီ။

ထိုဘာသာဝါဒတို့တွင် ငါတို့ဗုဒ္ဓဝါဒကား...

(၁) မကောင်းမှုမပြုလင့် - မကောင်းညည်များ အားအင် ကုန်ခန်းသွားရန်အတွက်၊

(၂) ကောင်းမှုမှန်က ပြုကျင့် - ကောင်းညည်များ ထွန်းကား သည်ထက် ထွန်းကားလာရန်အတွက်၊

(၃) စိတ်ကိုဖြူစင်စွာထား - အရာရာကို အရှိအရှိအတိုင်း ထိုးဖောက်မြင်သိရန်အတွက်၊

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုစကားတော်သုံးချက်လျှင် အနှစ်ချုပ်ခဲ့၏။ သို့စဉ်လျက်... သင်သည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ နည်းအမျိုးမျိုးဖြင့် မတရားရယူခြင်း၊ သူတစ်ပါးလင်သားနှင့် သားမယားများကို ငါ ပျော်ပါးရပြီးရောဖြင့် ဖျားယောင်းပေါင်းသင်းခြင်း၊ လိမ်ညာစကား မုသားဆိုခြင်း၊ ကာမဒုက္ခကြီးများ၏ဖြစ်စဉ်ကို မူးယစ်ဆေးသုံး၍ အမေ့ကောက်ထားခြင်းဟူသော သူတစ်ပါးဝါဒကို အတုယူကာ မကောင်းရာဘက် လက်သွက်နေသော်...

သင့်လုပ်ရပ် ဘုရားလည်းမကြိုက်၊ အများလည်းမကြိုက် ချေ။

ထိုမကောင်းမှုတန်းလန်းကြီးဖြင့် သင်ဗုဒ္ဓဘာသာစစ် မဖြစ် ချေ။

တစ်ဖန် ထိုထိုမကောင်းကျင့်တို့မှကား ကင်း၏။ ထိုကင်း ခြင်းသည် မတွေ့သေး၍သာကင်းခြင်း၊ မသတ်ရဲ၍သာကင်းခြင်း၊ မလုပ်ဝံ့၍သာကင်းခြင်းမျိုး စသည်ဖြစ်နေသော် ကောင်းရာဘက် ခြေဦးမသက်နိုင်သေးပြီ။

မည်သူနှင့်တွေ့တွေ့ ကိုယ့်ကိုယ်နှင့်တစ်ကိုယ်ချင်းစာနာ ထောက်ထားခြင်း၊

တန်းတူတွေ့တော် မာန်ကိုနှိမ့်ချဖက်ပြိုင်မှုကင်းပစေခြင်း၊

ကိုယ့်ထက်သာတွေ့သော် ဝမ်းမြောက်မှုကိုပြ မရှုဆိတ်မှု ကင်းပစေခြင်း၊

ကိုယ့်ထက်အောက်ကျတွေ့သော် ဝမ်းနည်းမှုကိုပြ မနာလိုမှု

http://www.dhammadownload.com



ကိုကင်းပစေခြင်း။

ထိုလောကပါလတရားများ စိတ်ဝယ်သွင်းပေးထားမှသာ ကောင်းရာဘက်ခရီးသက်စေမည်။

(က) မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော အထက် ပါအမြတ်ရသော နေနည်းလေးမျိုးတို့သည် လောကကြီးကို မပျက်စီးစေရန် အစောင့်အရှောက်များတည်း။

(ခ) မကောင်းမှုပြုကျင့်ရမည်ကို လူတို့မြင်မည်ကြားမည်ကို ရှက် တက်ခြင်း။ မိမိလည်းနောင်ပြန်လည်ခံရဦးမည်ကို ကြောက် တတ်ခြင်းများလည်း လောကကြီးကို မပျက်စီးစေရာ၏ အရင်းခံဖြစ်၍ လောကပါလတရားပင် ဆိုရ၏။

ထိုနှစ်မျိုးထွန်းကားနေမှသာ...

မကောင်းညဉ့်ပျက် ကောင်းညဉ့်ဘက် ဆက်ထွက်နေ သော ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်အဖြစ် အမည်ခံထိုက် ပါချေသည်။

ထိုသူသည် ဘာမဆို ကိုယ်ကျိုးစွန့်ရန် မခဲယဉ်းတော့သော ကြောင့်၊

ထိုသူသည် ဘာမဆိုအနစ်နာခံရန် မခဲယဉ်းတော့သော ကြောင့်၊

ထိုသူသည် ဘာမဆို ကူညီရိုင်းပင်းခြင်း၊ ရက်ရောခြင်း ထင်းလင်းရှိသောကြောင့်၊

သို့တစေလည်း သင်၏ ကိုယ်ကျိုးစွန့် အနစ်နာခံခြင်း၊

http://www.dhammadownload.com



ပေးကမ်းရက်ရောခြင်းများကိုအခွင့်ကောင်းယူကာ သင့်စေတနာကို အလွဲသုံးစားလုပ်သူများနှင့် ရင်ဆိုင်မိသော်ကား ရှောင်လွှဲကျောပေးလျက်က ထွက်ခဲ့လေ။ မီးလောင်တွင်းကြီး၏ အဝထဲ ထင်းခြောက်ပစ်ကြဲခြင်းဖြင့် သင့်၌ ဘာမျှအကျိုးမရှိသည်ကို သတိပြုလေ။

ဘုရားရှင်၏ ပါရမီဖြည့်ဘဝ နစဉ်ကာလတုန်းက...

(က)ပုဂ္ဂိုလ်ကိုလည်း အယုတ်အလတ် အမြတ်မရွေး ပေးစွန့်၏။

(ခ) ဝတ္ထုကိုလည်း အယုတ်အလတ် အမြတ်မရွေး မပေးစွန့်၏။

(ဂ) တောင်းတိုင်းလည်း ပေးကမ်းစွန့်ကြဲလေ့ရှိသို၏။

ထိုအလောင်းတော်ထုံး နလုံးမူလျက်ကာသာ ဉာဉ်ကောင်းဘက်ဆက်ရာ၏။ တစ်ဖန် ကောင်းမှုကိုကား ပြုကျင့်နေပါ၏။ သို့တစေလည်း.. စိတ်ဝယ် ရာဂါ၊ ဒေါသ စသောညစ်ပေမှုများ သောင်းကျန်းနေသော် သင်ကား ဗုဒ္ဓဘာသာ၏ သားကောင်းသမီးလှ အမည်မရထိုက်သေးချေ။

လက်ကသာ ဒါနမှုပြု၏။ စိတ်မှ ငါ..ငါ့ဉစ္စာဟူသော ငါစွဲဒိဋ္ဌိနှင့် တကျော မဆွဲနုတ်သော်..

ကိုယ်နှုတ်ကသာ သီလစောင့်၏၊ စိတ်မှကား တောကြံတောင်ကြံ ကြံစည်နေသော်..

ပါရမီဟူသောစကားနှင့် အလွန်ပင် အလှမ်းကွာဝေးလှချေသေး၏။ စိတ်၏ဖြူစင်ရာသို့ဟူသော ရည်မှန်းချက်နှင့်လည်း အလှမ်းဝေးလှချေသေး၏။

နတ်တလှူစာစဉ်

http://www.dhammadownload.com



စင်စစ် ကိုယ်စွန့်၍ စိတ်မလွတ်ခြင်း၊ ကိုယ်ထိန်းလျက်က စိတ်မစောင့်စည်းခြင်း ဒါနတို့သည် ကောင်းမှုဆိုရသော်လည်း ကောင်းသန့်ကား မဟုတ်ချေ။ စိတ်မစင်ကြယ်သော ကောင်းမှု၏ အကျိုးပေးသည် သဲကျမုန့်ကောက်ဝါးရသည့်ပမာ သန့်ပြန့်စင်ကြယ်သောအရသာ မပေါ်လွင်လာသောကြောင့်...

ထိုစွန့်လွှတ်မှုဒါနနှင့် စောင့်စည်းမှုသီလတို့ကိုအရင်းတည်၍...

(က) ပါရမီအဆင့်ဆင့်တို့ဖြင့် မိမိစိတ်မိမိရင့်ကျက်အောင် မပြုပြင်ရသေးသော်...

(ခ) ဉာဏ်စဉ် အဆင့်ဆင့်တို့ဖြင့် မိမိစိတ်မိမိ ဖြူစင်အောင် မဆောင်နိုင်သေးသော်...

သင့်ကိုယ်သင် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ပါဟူ၍ ဝန်မခံသင့်သေးပြီ။

အကယ်တိတိ သင့်ရှိသဒ္ဓါ၊ ဆန္ဒ၊ ဝီရိယဟူသည့် အယုံပြင်းခြင်း၊ အားထုတ်လိုခြင်း၊ အရဲပို့ခြင်းသုံးမျိုး မထက်မြက်သေး၍ ထိုစိတ်ဖြူစင် ရင့်ကျက်ပိုင်းအထိ မတက်သာခဲ့ပါသော်လည်း ငါလိုသေးသည်ဟူသော ကိုယ့်ကိုယ်ကို မှတ်ချက်အတေးရေးပေးလျက်က အလယ်တန်းအဆင့် ကောင်းမှုပြုကျင့်မှုခေါ် သူတော်ကောင်းပြုအလုပ်များလောက်တော့ကြိုးစားသင့်ပါသည်။

အကယ်တိတိ သင့်ရှိယုံကြည်ချက် သဒ္ဓါအင်အား၊ ကောင်းမှု

http://www.dhammadownload.com



ပြုလိုသည့်ဆန္ဒအင်အား၊ ရဲတင်းစွာကြိုးစားလိုမှု၊ ဝီရိယစွမ်းအား များ ကြောင့်သော်လည်းကောင်း၊ ပစ္စည်းဓနစသည့် အခြံအရံ အားများက မလုံလောက်သောကြောင့်လည်းကောင်း၊ မတတ်သာသေးလျှင် ငါကားလိုသထက်လို သေးသည်ဟူသော မှတ်ချက်ပြုကာ အောက်တန်းအဆင့် မကောင်းမှု မပြုကျင့်တော့ရန်ကိုကား ကြိုးစားသင့်ပါသည်။

ထိုအောက်အဆင့်မျှ မကြိုးစားနိုင်သော် လူဖြစ်ဖို့ရန်ပင် မလွယ်ကူပါပြီ။ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် ဖြစ်ဖို့ကား သာ၍သာ၍ဝေးကွာသွားချေပြီ။

ဘုရားရှင်သည် အလောင်းတော်ဘဝကပင် အောက်တန်းစာမဖြစ်ခဲ့ပါချေ။ အာရုံမှားသဖြင့် တိရစ္ဆာန်ဘဝလားရသော်မှ လည်း ငုံးမင်းကြီး၊ ဒေါင်းမင်းကြီးစသော အထက်တန်းစားချည်းဖြစ်ခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင်ဆိုပြီး သင် ရေသွားရသော် ဘာသာဝင် မစစ်သေး၍တည်း။

ဗုဒ္ဓဘာသာဝင်ဆိုပြီး သင်အောက်တန်းစားပြိတ္တာ တိရစ္ဆာန်ဖြစ်နေသော်လည်းကောင်း...

ဗုဒ္ဓဘာသာဆိုပြီး လူ့ဘဝအခြေမဲ့ အနေမဲ့ဖြစ်နေသော်လည်းကောင်း...

သင်၏ ဘာသာဝင်ကတ်ပြားသည် အစစ်မဟုတ်သေး၍တည်း။

http://www.dhammadownload.com



ဘုရားနှင့်နောက်ပါ အရိယာသာဝကတို့သည် အထက် အထက်သို့သာ လားကြတော်မူကြပါ၏။ ဗုဒ္ဓဘာသာဝင် အမည်ခံလျက် ဗုဒ္ဓ၏အဆုံးအမစကားအတိုင်း မကျင့်ကြဲ၍ အပါယ်လားရပါချေသော် ခြေရာထပ်သားဟူ၍ မဆိုသင့်တော့ပြီ။

သည်စကားသုံးခွန်း လိုက်နာခြင်းဖြင့် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပါ

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ

သ စိတ္တ ပရိယော ဒါပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ - မကောင်းမှုအားလုံးကို၊ အကရဏံ - မပြုကျင့်ခြင်းလည်းကောင်း၊

ကုသလဿ - ကောင်းမှုမှန်သမျှကို၊ ဥပသမ္ပဒါ - ပြည့်စုံစေခြင်းလည်းကောင်း၊

သ စိတ္တ ပရိယောဒါပနံ - မိမိစိတ်ကို အဆုံးအထိ ဖြူစင်စေခြင်းလည်းကောင်း၊ (ဝါ) အဖြူစင်ဆုံးထားရှိခြင်းလည်းကောင်း၊

ဧတံ - ဤစကားတော် သုံးခွန်းပေါင်းသည်...

ဗုဒ္ဓါနံ - ဘုရားရှင်တိုင်းတို့၏၊ သာသနံ - အဆုံးအမတော် ပေတည်း။

မဟာဗောဓိမြိုင်ဆရာတော်

နတ်တလှူစာစဉ်